# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၃၆) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန် ၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၆) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၄၀၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ ၃၀-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားသူ ၈ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၄ ဦးရှိ၍ စုစုပေါင်း ကိုယ်စားလှယ် ၂၂ ဦး ခွင့်တောင်းခံထားပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၁၄ ဦးတွင် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၉ ဦး၊ ခွင့် ၂ ရက်

တိုင်ကြားသူ ကိုယ်စားလှယ် ၃ ဦး၊ အစည်းအဝေးပြီးဆုံးသည်အထိတိုင်ကြားသူ ၂ ဦး စုစုပေါင်း ၁၄ ဦး ရှိပါတယ်။ ကိုယ်စားလှယ် ၁၄ ဦးက အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး၊

(၂) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘဌေး၊

(၃) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင်၊

(၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊

(၅) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး၊

(၆) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန်၊

(၇) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊

(၈) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၊

(၉) ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်၊

(၁၀) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့်၊

(၁၁) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း၊

(၁၂) ကံမမဲဆန္ဒနယ်မှ ဦးပိုက်ထွေး၊

(၁၃) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး၊

(၁၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ တို့သည် ခွင့်အသီးသီး တင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဇီဝလောင်စာနှင့် ပတ်သက်ပြီး မိမိတို့ နိုင်ငံအနေဖြင့် ဆောင်ရွက်နေမှု၊ ထုတ်လုပ်မှု ရှေ့ဆက်လက် ဆောင်ရွက်သည့် အစီအမံ အလားအလာများနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါ တယ်။

**ဦးအောင်သန့်(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဇီဝလောင်စာနှင့်စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်ကာလတွင် စွမ်းအင်ကဏ္ဍ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ အရင်းအမြစ်များ တဖြည်းဖြည်းလျော့နည်းလာနေပြီဖြစ်ကြောင်း ကျွမ်းကျင်သူ ပညာရှင်များ သုံးသပ် တင်ပြချက်များအရ သိရှိရပါတယ်။ ယင်းသို့လျော့နည်းလာသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်း အမြစ်များအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ နေစွမ်းအင်၊ လေစွမ်းအင်နှင့် ရေအားလျှပ်စစ်တို့ ကို ထုတ်ယူသုံးစွဲ၍ အစားထိုးသုံးစွဲနေရကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ထို့နည်းတူစွာ ဇီဝစွမ်းအင် မှလည်း လောင်စာထုတ်လုပ်၍ လျော့နည်းသွားသော စွမ်းအင်များနေရာတွင် အစားထိုးသုံးစွဲနိုင်ရန် ဆောင်ရွက်လာခဲ့ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင်လည်း အလားတူ သုံးစွဲနေ ကြောင်း တွေ့ရှိရတဲ့အတွက် ဇီဝလောင်စာနှင့်စပ်လျဉ်းပြီး မေးခွန်း ၃ ခုအား မေးမြန်းလိုပါတယ် ခင်ဗျား။ (၁) ဇီဝလောင်စာနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံအနေနဲ့ မည်ကဲ့သို့ ဆောင်ရွက်နေပါသနည်း။

(၂) ဇီဝလောင်စာထုတ်လုပ်မှုအတွက် မည်သည့်အတိုင်းအတာအထိ အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးပြီးဖြစ်ပါသနည်း။ (၃) ဇီဝလောင်စာဆီနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အလားအလာများ၊ အခြေအနေများကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဌေးအောင်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာဖြင့် ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဌေးအောင်က မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်မှ မေးမြန်းထားသော မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းကတော့ (၁) ဇီဝလောင်စာနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံအနေနဲ့ မည်ကဲ့သို့ဆောင်ရွက်နေပါသနည်း။ (၂) ဇီဝလောင်စာထုတ်လုပ်မှုအတွက် မည်သည့်အတိုင်းအတာအထိ အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးပြီး ဖြစ်ပါသနည်း။ (၃) ဇီဝလောင်စာဆီနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အလားအလာများ၊ အခြေအနေများကို သိရှိလိုပါတယ်လို့ မေးမြန်းထားပါတယ်။ ယင်းမေးခွန်းကို အောက်ပါအတိုင်း ရှင်းလင်းတင်ပြလိုပါတယ်။

နိုင်ငံတော်အစိုးရဟာ ပြန်ပြည့်မြဲစွမ်းအင်များကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးဟာလည်း ပြန်ပြည့်မြဲစွမ်းအင်ကို လျော့နည်းလာတဲ့ ရုပ်ကြွင်းလောင်စာ(Fossil Fuel)အစား အသုံးပြုပြီး ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ပြန်ပြည့်မြဲ စွမ်းအင်ဇီဝလောင်စာများကတော့ ဇီဝအီသနော(Bioethanol)၊ အီသနောနှင့် ဓာတ်ဆီအရော (Gasohol)၊ ဇီဝဒီဇယ်ဆီ (Biodiesel)၊ ဇီဝဓာတ်ငွေ့(Biogas)၊ ဇီဝဒြပ်ထု (Biomass) တို့ပါဝင်ပြီး ယင်းဇီဝလောင်စာများ ဖွံ့ဖြိုးတိုးတက်သုံးစွဲရေးအတွက် စွမ်းအင်ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတို့နှင့် စက်မှုဝန်ကြီးဌာနတို့မှ ဆောင်ရွက်လျက် ရှိကြပါသည်။ ဇီဝလောင်စာ Gasohol နှင့် Biodiesel ထုတ်လုပ်မှု၊ သိုလှောင်မှု၊

သယ်ယူပို့ဆောင်မှု၊ ဖြန့်ဖြူးရောင်းချမှုတို့နှင့် ပတ်သက်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ဖို့ စွမ်းအင်ဝန်ကြီးဌာနသည် နည်းပညာအကြံပေးရေးအဖွဲ့များကို ဝန်ကြီးဌာနအသီးသီးနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများက ပညာရှင်များနဲ့ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ကစပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့အမိန့်ကြော်ငြာစာ (၁/၂၀၀၈) အရ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းမှာ ဇီဝလောင်စာစက်သုံးဆီ လုပ်ငန်းဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့ဟာ ဓာတ်ဆီအစားထိုး ဇီဝလောင်စာစက်သုံးဆီ ပြည်တွင်းမှာ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းအတွက် လိုင်စင်ထုတ်ပေးခြင်းကို စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်ဖို့ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၀၉) ကို ထုတ်ပြန်ပြီး သတ်မှတ်ပေးခဲ့ပါသည်။ အဲဒီအမိန့်ကြော်ငြာစာအရ ဂရိတ်ဝေါစားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်ကို နေပြည်တော်ဒေသ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှာလည်းကောင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းကို နေပြည်တော်ဒေသနှင့် မန္တလေးတိုင်းဒေသကြီးတို့မှာ လည်းကောင်း ဓာတ်ဆီအစားထိုး ဇီဝလောင်စာစက်သုံးဆီ Gasohol ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း ခွင့်ပြုလိုင်စင်များကို ထုတ်ပေးခဲ့ပါသည်။ ဒါပေမဲ့ Gasohol ရောင်းဈေးဟာ ဓာတ်ဆီရောင်းဈေးထက် သက်သာမှုမရှိခြင်း၊ ဇီဝလောင်စာဆီရဲ့ Specification သုံးစွဲသူများအနေနဲ့ သူတို့ရဲ့ စက်ပိုင်းဆိုင်ရာ ပြုပြင်ဆောင်ရွက်ရခြင်း ဇီဝလောင်စာဆီရဲ့ Specification ကို ပိုမိုဂရုစိုက်ထိန်းသိမ်းရခြင်း၊ အသုံးပြုတဲ့ စက်သုံးဆီ ပမာဏတူညီသည့်တိုင် ပေါက်မြောက်သည့် ခရီးအကွာအဝေး လျော့နည်းခြင်း၊ သုံးစွဲသူတွေ ယုံကြည်ကိုးစားမှုရရှိစေဖို့ ခက်ခဲခြင်းစတဲ့ ကန့်သတ်ချက်များကြောင့် လုပ်ငန်းတိုးချဲ့အောင်မြင်ဖို့အတွက် အဟန့်အတားတွေဖြစ်စေခဲ့လို့ ယနေ့အချိန်တွင် Gasohol ရောင်းတဲ့ ဆိုင်တွေအနေနှင့် ဓာတ်ဆီနှင့် ဒီဇယ်ဆီကိုသာ ရောင်းချလျက်ရှိကြောင်း တွေ့ရှိရပါသည်။ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းအနေဖြင့် Gasohol အသုံးပြုလျက်ရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနသို့ ဆက်လက် ဖြန့်ဖြူးပေးလျက်ရှိပါသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဟာ လယ်ယာဘေးထွက်ပစ္စည်းများနှင့် သစ်စက်များက စွန့်ပစ်ပစ္စည်းတွေ ဖြစ်ကြတဲ့ ပင်လယ်မှော်၊ ကောက်ရိုး၊ လွှစာမှုန့်တွေကို အသုံးပြုပြီး ဇီဝနည်းစနစ်များ အသုံးပြုကာ Bioethanol ထုတ်လုပ်ခြင်း သုတေသနများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံ ဓာတုအင်ဂျင်နီယာအသင်းကလည်း လယ်ယာသုံးစက်ကိရိယာပစ္စည်းများမှာ တိုက်ရိုက်

သုံးစွဲနိုင်တဲ့ ဇီဝအီသနော (Bioethanol) ထုတ်လုပ်ခြင်းကို ဆောင်ရွက်နေသော်လည်း အသုံးပြုရာတွင် သုံးစွဲသူများအတွက် စက်ပိုင်းဆိုင်ရာ ပြုပြင်သုံးစွဲရခြင်း အကန့်အသတ်ရှိနေတာကြောင့် သုတေသနပြုလုပ် အဖြေရှာလျက်ရှိကြောင်း သိရှိရပါသည်။

ခြံစည်းရိုး ကြက်ဆူဆီမှ ဇီဝလောင်စာ Biodiesel ထုတ်လုပ်နိုင်မယ့် သုတေသနလုပ်ငန်းများကို စွမ်းအင်ဝန်ကြီးဌာနဟာ ၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းက စတင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းသုတေသနပြုလုပ်ချက်များ အပေါ်အခြေခံကာ တစ်ရက်လျှင် ၁၀၀ ဂါလန် ထုတ်လုပ်နိုင်သော Biodiesel Pilot Plant တည်ဆောက်ခဲ့ပြီး၊ ကုန်ကြမ်းရရှိမှုအပေါ် မူတည်ကာ စမ်းသပ်လည်ပတ်ဆောင်ရွက်လျက်ရှိနေပါသည်။

ထို့အတူ ကြက်ဆူဆီမှ Biodiesel ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့ ခြံစည်းရိုးကြက်ဆူဆီ (Jatropha Curcas Oil) နှင့် အခြားစွန့်ပစ်ဆီများမှ ဇီဝဒီဇယ်ဆီထုတ်လုပ်ခြင်းအတွက် စီးပွားရေးတွက်ခြေကိုက်ပြီး အရည်အသွေးကောင်း ဇီဝဒီဇယ်ထုတ်လုပ်နိုင်ဖို့ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိနေပါသည်။ ဒါ့အပြင် ဆီပေါ ကြွယ်ဝတဲ့ Algae လို့ခေါ်တဲ့ ရေမှော်အမျိုးအစားများကို စုဆောင်းပွားများပြီး ဇီဝဒီဇယ်ထုတ်လုပ်ဖို့ သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက် ရှိနေပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ ခြံစည်းရိုးကြက်ဆူဆီမှ Biodiesel ရဖို့ ၂၀၀၆ ခုနှစ်မှာ ခြံစည်းရိုးကြက်ဆူဧက ၁.၅၉ သန်း စတင် စိုက်ပျိုးခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဇွန်လအထိ ခြံစည်းရိုး ကြက်ဆူဧက ၁.၇၅ သန်းကျော် စိုက်ပျိုးခဲ့ပါသည်။ နိုင်ငံတော်က ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးခြင်းကို တွန်းအားပေးပြီး တစ်နိုင်ငံလုံးမှာ ဧက ၇ သန်း ကျော်စိုက်ပျိုးဖို့ ဆောင်ရွက်ခဲ့ပေမယ့် အမှန်စိုက်ပျိုးနိုင်မှုမှာ စာရင်းဇယားများအရ လျာထားဧကရဲ့ ၂၅ ရာခိုင်နှုန်းခန့်သာရှိကြောင်း သိရှိပါသည်။ စိုက်ပျိုးထားတဲ့ ခြံစည်းရိုး ကြက်ဆူပင်မှ ကြက်ဆူဆီ အထွက်နှုန်းနည်းပါးတာကြောင့် အပင်မျိုးသန့် ရရှိရေးဟာလည်း အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပြီး၊ စိုက်ပျိုးသူများအတွက် ခိုင်မာတဲ့ ဈေးကွက်ရှိဖို့ လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ဒါ့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးကို ရည်ရွယ်ပြီး စွမ်းအင်ဝန်ကြီးဌာနဟာ ဂျပန်နိုင်ငံ Jissen Kankyo Kenkyusho(JKK)နှင့် ပူးပေါင်းကာ ကြက်ဆူဆီမှ Bio Diesel Fuel (BDF) ထုတ်လုပ်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ဖို့ Letter of Intent (LOI)) ကို ၁၆-၁၂-၂၀၁၁ ရက်နေ့တွင်

လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပါသည်။ အဲဒီ စီမံကိန်းကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် လက်မောင်းကွေး (ဇီးယား) ကျေးရွာမှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါသည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာလည်း တိရစ္ဆာန် စွန့်ပစ်ပစ္စည်းများ၊ လယ်ယာစွန့်ပစ်ပစ္စည်းများက လေနဲ့ အချဉ်ဖောက်နည်းစနစ်နဲ့ ဇီဝဓာတ်ငွေ့ (Biogas) ထုတ်လုပ်ပြီး ဇီဝဓာတ်ငွေ့သုံး အင်ဂျင် မောင်းနှင်ကာ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ထင်းအစားထိုး လောင်စာ အနေနဲ့ ဓာတ်ငွေ့သုံးမီးဖို အသုံးပြုပြီး ထမင်းဟင်းချက်ပြုတ်ရာမှာ အသုံးပြုခြင်း၊ ဇီဝဓာတ်ငွေ့ ထုတ်ကန်က ထွက်လာသော လျှံရည်များကို သဘာဝမြေဩဇာအဖြစ် စိုက်ပျိုးရေးလုပ်ငန်းများမှာ အသုံးပြုခြင်းစတဲ့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ Biogas Plant (၆၊ ၈၊ ၁၀၊ ၁၂၊ ၁၅၊ ၃၅၊ ၅၀၊ ၁၀၀) ကုဗမီတာအထိ အရွယ်အစားမျိုးစုံ ၉ မျိုးကို ကျေးရွာများရဲ့ လိုအပ်ချက်၊ တောင်းဆိုချက်များအပေါ် မူတည်ပြီး တည်ဆောက်ပေးလျက်ရှိရာ Biogas Plant Size စုံ စုစုပေါင်း ၁၇၇ လုံးကို နေပြည်တော် ဒေသ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှာ တည်ဆောက်ပေးခဲ့ပြီး လက်ရှိအသုံး ပြုလျက်ရှိနေပါသည်။

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းတွေနဲ့ ကျေးရွာမီးလင်းရေးအတွက် ဇီဝဒြပ်ထု (Biomass)က ဓာတ်ငွေ့ထုတ်ယူပြီး ဓာတ်ငွေ့သုံး အသေးစားစက်များနဲ့ လျှပ်စစ်ဓာတ်အားထုတ် ယူသုံးစွဲကြပါတယ်။ Biomass အဖြစ် ကျေးရွာများမှာ လွယ်လင့်တကူရယူနိုင်တဲ့ စပါးခွံများ၊ သစ်တော ဘေးထွက်ပစ္စည်းများနဲ့ အသုံးပြုနိုင်ပါသည်။ ဇီဝဒြပ်ထုလောင်စာ အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းစီမံကိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းတို့က အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိနေပါသည်။

ဇီဝလောင်စာဆီဖြစ်တဲ့ Gasohol နှင့် ပတ်သက်ပြီး အီသနောဟာလည်းကောင်း၊ Biodiesel မှာ ဆီထွက်သီးနှံဖြစ်သည့် ခြံစည်းရိုးကြက်ဆူဆီသည်လည်းကောင်း မြန်မာနိုင်ငံ၌ အဓိကကျပါသည်။ မြန်မာနိုင်ငံရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် အီသနောစက်ရုံများက ၉၉.၅ ရာခိုင်နှုန်း အီသနောကို တစ်ရက် လျှင် ဂါလန် ၃၅၀၀ နှင့် ၉၉.၉ ရာခိုင်နှုန်း ရေမဲ့အီသနောကို တစ်ရက်လျှင် ဂါလန် ၄၀၅၀၀ ထုတ်လုပ် နိုင်ပါသည်။ မြန်မာနိုင်ငံတွင် အီသနောစက်ရုံများအတွက် အဓိကကုန်ကြမ်းဟာ ကြံသီးနှံဖြစ်၍

ယင်းကြံသီးနှံဟာ စက်မှုကုန်ကြမ်းဖြစ်တဲ့အပြင် စားသောက်ကုန်အမျိုးအစားမှာလည်း ပါဝင်နေတာကြောင့် Food and Energy Security အရ ကန့်သတ်ချက်များရှိတဲ့ သီးနှံအမျိုးအစားဖြစ်နေလို့ ကုန်ကြမ်းလုံလောက်စွာရရှိရေးမှာ အကန့်အသတ်များ ရှိနေပါသည်။

ဇီဝလောင်စာထုတ်လုပ်ရောင်းချရာမှာ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ကုန်ကြမ်းလုံလောက်စွာရရှိရေး၊ စီးပွားဖြစ်ရောင်းချနိုင်တဲ့ ခိုင်မာတဲ့ ဈေးကွက်ဖြစ်ထွန်းရေးဟာ အဓိကကျတဲ့ အချက်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှာ စွမ်းအင်အမျိုးအစားသစ်များကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲဖို့ အခက်အခဲများ ရှိနေတာတွေ့ရှိရပါတယ်။ ဥပမာအနေနဲ့ တင်ပြရရင် ယခုအချိန်အထိ နိုင်ငံတကာမှာ အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ သတ်မှတ်အသုံးပြုလျက်ရှိသည့် 92 RON ဓါတ်ဆီကိုပင်လျှင် မြန်မာနိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲမှုမရှိသေးတာကို တွေ့ရှိရပါတယ်။ စွမ်းအင်ဝန်ကြီးဌာနဟာ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးရေးအသင်း (MPTA) ကို 92 RON ဓာတ်ဆီ ပြည်တွင်းမှာ တွင်တွင်ကျယ်ကျယ် သုံးစွဲနိုင်ရေးအတွက် တင်သွင်းဖြန့်ဖြူးရောင်းချသွားဖို့ တိုက်တွန်းညွှန်ကြားထားပါသည်။ ဒါကြောင့်မို့လို့ မိမိတို့နိုင်ငံမှာ ဇီဝလောင်စာကို ကျယ်ပြန့်စွာ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် သုံးစွဲသူ ပြည်သူလူထုမှလည်း အဓိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။

မြန်မာနိုင်ငံတွင် မြေလွတ်မြေရိုင်းများစွာရှိတဲ့အတွက် ဇီဝလောင်စာ ထုတ်လုပ်ရေးအတွက် ကုန်ကြမ်းဖြစ်တဲ့ ကြံ၊ ခြံစည်းရိုးကြက်ဆူစသည်တို့ကို တိုးချဲ့စိုက်ပျိုးနိုင်တဲ့ ရေမြေ အခြေအနေရှိပါသည်။ ဒါကြောင့် ဇီဝလောင်စာထုတ်လုပ်နိုင်တဲ့ နည်းပညာသစ်များ ဥပမာ ဆီပေါ်ကြွယ်ဝသော Algae လို့ခေါ်တဲ့ ရေမှော်အမျိုးအစားများ စုဆောင်းပွားများပြီး ဇီဝဒီဇယ်ထုတ်လုပ်ခြင်း၊ Lignocellulosic Biomass မှ Ethanol ထုတ်လုပ်ခြင်းတို့ကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ဖို့ လိုအပ်နေသေးကြောင်းနှင့် ကစီဓာတ်ကြွယ်ဝတဲ့ သီးနှံများ ဖြစ်တဲ့ ပီလောပီနံနှင့် နှံစားပြောင်းချိုတို့ကိုလည်း စိုက်ပျိုးပြီး ဇီဝလောင်စာ ထုတ်လုပ်နိုင်ဖို့ စမ်းသပ်ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

မိမိတို့နိုင်ငံမှာ ပြန်ပြည့်မြဲစွမ်းအင်နှင့် သက်ဆိုင်တဲ့ မူဝါဒတွေ ထုတ်ပြန်နိုင်ခြင်းမရှိသေးပါဘူး။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအတော်များများကတော့ ဇီဝလောင်စာနှင့် ပတ်သက်ပြီး အခွန်ကင်းလွတ်ခွင့်မူဝါဒများ ချမှတ်ထားကြတာကို တွေ့ရှိရပါတယ်။ ဒါ့ပြင် ပြန်ပြည့်မြဲစွမ်းအင်ဥပဒေနဲ့ ပတ်သက်ဆက်နွယ်တဲ့ အစိုးရအမိန့်ကြော်ငြာချက်များမှာလည်း အခွန်ဦးစားပေးမူဝါဒများ ထုတ်ပြန်ပေးကြပါ

တယ်။ ဒီလို လုပ်ဆောင်ပေးမှသာ ဇီဝလောင်စာသုံးစွဲသူများ များပြားလာမည်ဖြစ်ပြီး မိမိတို့နိုင်ငံအနေနှင့်လည်း ဇီဝလောင်စာဆိုင်ရာ အခွန်မူဝါဒများ ချမှတ်ဆောင်ရွက်သင့်ကြောင်း သုံးသပ်ရရှိပါတယ်။

မကြာမီက နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့အညီ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှု ကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒီကော်မတီအနေနဲ့ ပြန်ပြည့်မြဲ စွမ်းအင်မူဝါဒချမှတ်ရေး၊ ယင်းလုပ်ငန်းများမှာ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာစေရေး ဆွဲဆောင်နိုင်မယ့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားဖို့လိုမှာ ဖြစ်ပါသည်။

ရုပ်ကြွင်းလောင်စာ (Fossil Fuel) လက်ကျန်ပမာဏ တစ်ဖြည်းဖြည်း လျော့နည်းလာပြီဖြစ်တဲ့အတွက် ပြန်ပြည့်မြဲ စွမ်းအင်များကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေရေးကိုလည်း အားပေးကူညီဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လိုအပ်တဲ့ နည်းပညာများ၊ အထောက်အပံ့များလည်း တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**နိုင်ငံရေးပင်စင်ခံစားခွင့် ဆောင်ရွက်ပေးမှုအခြေအနေကို သိရှိလိုကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်များ၊ အစည်းအဝေးကိုတက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်အနေနဲ့ နိုင်ငံရေးပင်စင်ခံစားခွင့်ဆောင်ရွက်ပေးနေမှုအခြေအနေသိရှိလိုကြောင်းနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ ဝမ်းတွင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးကို ကျွန်တော်မေးခွန်းတင်တဲ့ ဇွန်လ ၂၂ ရက်နေ့အထိ လျှောက်ထားသူစာရင်းဟာ ၁၆၆ ဦးရှိပါတယ်။ အဲ့ဒီ ၁၆၆ ဦးထဲက ၁၇ - ၈ - ၂၀၁၁ မှာ ၁၅ ဦး၊ ၁၉-၈-၂၀၁၁ မှာ ၈ ဦး၊ ၂၃-၈-၂၀၁၁ မှာ ၂၇ ဦး၊ စုစုပေါင်း ၅၀ ဦးတို့ဟာ နိုင်ငံရေးပင်စင်လစာများ ထုတ်ယူ ခံစားနေရပြီဖြစ်ပါတယ်။ နောက်ထပ် ၇ ဦး နိုင်ငံရေးပင်စင်ထပ်မံကျတယ်လို့သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျန်ရှိတဲ့ဦးရေ ၁၀၉ ဦး စာရင်းအရသိရှိရပါတယ်။ ဝမ်းတွင်းမြို့နယ်၊ အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာနရုံးကနေပြီးတော့ နိုင်ငံရေးပင်စင်ထုတ်ယူရန်ကျန်ရှိနေတဲ့ ၁၀၉ ဦးအတွက် နိုင်ငံရေးပင်စင်ထုတ်ယူရရှိရေးအတွက် ဆောင်ရွက်ထားခဲ့ပါတယ်။ အဲ့ဒီ ၁၀၉ ဦးမှာ ကိုယ်တိုင် လျှောက်ထားတဲ့လူ ၈၅ ဦးဟာလည်း ပင်စင်လစာမရရှိသေးတဲ့အတွက် မှီခိုနေရတဲ့မိသားစုများဟာ လည်း ဘဝရပ်တည်ရေးခက်ခဲပင်ပန်းကြရပါတယ်။ ဒ့ါအပြင် ပင်စင်စားလင်ယောကျ်ားသေဆုံးသွားတဲ့ အတွက် မိသားစုပင်စင်လျှောက်ထားတဲ့ ၂၄ ဦးတို့မှာလည်း အဆင်မပြေမှုများနဲ့ကြုံတွေ့နေကြရပါ တယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့မြို့နယ်အတွင်း နိုင်ငံရေးပင်စင် ကိုယ်တိုင်လျှောက်ထားသူ ၈၅ ဦးနှင့် မိသားစုပင်စင် ၂၄ ဦး၊ စုစုပေါင်း ၁၀၉ ဦးရှိနေသကဲ့သို့ ကိုယ်စားလှယ်များရဲ့မြို့နယ်များမှာလည်း အခက်အခဲများရှိနေမယ်လို့ယုံကြည်မိပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တင်ပြခဲ့တဲ့ နိုင်ငံရေးပင်စင်ထုတ်ယူရန်ကျန်ရှိတဲ့ပုဂ္ဂိုလ်များအတွက် အမြန်ဆုံးထုတ်ပေး ဆောင်ရွက်နိုင်ရန်အစီအစဉ်ရှိ၊ မရှိသိရှိလိုပါကြောင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၂)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ဧည့်သည်တော်ကြီးများ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ နိုင်ငံရေးပင်စင်ခံစားခွင့် ဆောင်ရွက်ပေးနေမှုအခြေအနေသိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း ပဏာမပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့မေးခွန်းပါ နိုင်ငံရေးပင်စင် လျှောက်ထားသူ ၁၆၆ ဦးအနက်မှ ၅၇ ဦးကတော့ တိုးမြှင့်နိုင်ငံရေးပင်စင်ခံစားခွင့်ရရှိပြီးဖြစ်ပါတယ်။ နိုင်ငံရေးပင်စင် ခွင့်ပြုရန်ကျန်ရှိတဲ့ ၁၀၉ ဦးအနက်က ၇၄ ဦးရဲ့လျှောက်လွှာများသာ နိုင်ငံတော်သမ္မတရုံးသို့ ရောက်ရှိခဲ့ပြီး ကျန် ၃၅ ဦးကလျှောက်လွှာများ မရောက်ရှိသေးကြောင်း တွေ့ရှိရပါတယ်။ မရောက်ရှိ သေးသူများမှာ ဝမ်းတွင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်ဆက်သွယ် ဆောင်ရွက် ပေးရန်လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝမ်းတွင်းမြို့နယ်မှ နိုင်ငံရေးပင်စင်လျှောက်လွှာရောက်ရှိသူ ၇၄ ဦး အနက်ကနေ ၅၀ ဦးကိုတော့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လထဲမှာပဲ ပင်စင်ဦးစီးဌာနသို့ခွင့်ပြုမိန့် ချထားပေးပြီး ဖြစ်ပါတယ်။ နောက်ဆက်တွဲ(က)နဲ့ဖော်ပြထားသော်လည်း အချိန်ကိုငဲ့ကွက်သော အားဖြင့် ဖော်ပြခြင်း မပြုတော့ပါဘူး။ ဆောင်ရွက်ဆဲ ၂၄ ဦးအနက်မှ နိုင်ငံရေးပင်စင်ခံစားခွင့်မရှိသူ ၄ ဦးရှိပါတယ်။ အဲ့ဒီ ၄ ဦးကတော့ ပါတီတာဝန်ရပ်စဲခြင်းခံရသူ ဦးထွန်းစိန် အတွင်းရေးမှူး၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ နောက်တစ်ယောက်ကတော့ ပါတီတာဝန်ရပ်စဲခြင်းခံရသူ ဦးတင်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌ၊ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဖြစ်ပါတယ်။ နံပါတ် (၃) အနေနဲ့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရအရေးယူခြင်းခံရသူ ဦးသန်းမြင့် ဥက္ကဋ္ဌ၊ ရွှေတောင် ကျေးရွာ၊ နံပါတ် (၄) အနေနဲ့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉ အရအရေးယူခြင်းခံရသူ ဦးချစ်မောင် အတွင်းရေးမှူး၊ ဒါးလှကျေးရွာတို့ ဖြစ်ပါတယ်။ တောင်ဆည်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်ကတော့ ၁၆-၈-၉၉ ရက်စွဲပါစာအမှတ်ခွင့်ပြုမိန့်နဲ့ နိုင်ငံရေးပင်စင်ခံစားခွင့်ပြုပြီးဖြစ်ပေမယ့် ထပ်မံတင်ပြလျှောက်ထားတဲ့ အကြောင်းကိုတွေ့ရှိရပါတယ်။ နိုင်ငံရေးပင်စင်ပုံစံအား ဝမ်းတွင်းမြို့နယ်သို့ ထပ်လျှောက်ထားတာ ဖြစ်တဲ့အတွက် ဝမ်းတွင်းမြို့နယ်သို့ ပြန်လည်ပေးပို့ပြီးဖြစ်ပါတယ်။ ဦးသန်းအောင်အနေဖြင့် တိုးမြှင့်နိုင်ငံရေးပင်စင်လျှောက်မယ်ဆိုရင် ဝမ်းတွင်းမြို့နယ်ရဲ့ ထောက်ခံချက်၊ ပင်စင်စာအုပ်(မူရင်း) နှင့်အတူ ပြန်လည်တင်ပြလျှောက်ထားရန်လိုအပ်ပါတယ်။ နောက်ထပ် နိုင်ငံရေးပင်စင် ခံစားခွင့်ပြုရန် ကျန်ရှိတဲ့ ၁၉ ဦးကိုတော့ ဆက်လက်စိစစ်ဆောင်ရွက်နေဆဲ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံရေးပင်စင်မှန်ကန်မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံရေးပင်စင် လျှောက်ထားသူ များမှာ ပင်စင်ပုံစံမှာပါတဲ့အချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖြည့်သွင်းရန်လိုအပ်ပါတယ်။ နိုင်ငံရေးပင်စင်ပုံစံပါအချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့လုပ်ငန်းကို အထောက်အကူပြုနိုင်ပါတယ်။ ဝမ်းတွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့လည်း ပြစ်မှု၊ ပြစ်ဒဏ်ရှိသူများနှင့် နိုင်ငံရေးပင်စင်ရရှိပြီး သူများအား ထပ်မံ လျှောက်ထားခြင်းမပြုရန် အကြောင်းကြားထားပြီးဖြစ်ကြောင်းရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ကြံတောင်သူများနှင့် ကိုင်းတောင်သူများ၏ စိုက်ပျိုးစရိတ်ချေးငွေကိစ္စ ဆောင်ရွက်ပေးပါရန် နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမေးမြန်းလိုသော ကိစ္စရပ်များမှာ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်သောတောင်သူများအား စပါးနှင့် မိုးဆောင်းသီးနှံများနည်းတူ ထိုက်သင့်သော စိုက်ပျိုးစရိတ်ချေးငွေများ ရရှိရေးနှင့် ဆောင်းသီးနှံ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲနှင့် အခြားပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်သော တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးရာတွင် ထုတ်ချေးငွေ ကွာခြားမှု မများစေပဲ ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များဖြစ်ပါတယ်။

လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျနိသီးနှံစိုက်ပျိုးမှုနှင့်ပတ်သက်ပြီးတော့ လက်လှမ်းမီသလောက် တင်ပြလိုပါတယ်။ အထူးသဖြင့် နိုင်ငံတော်ပုဂ္ဂလိက သကြားစက်ရုံစီမံကိန်းများတည်ရှိရာနေရာများဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာတော့ ကြံသီးနှံစိုက်ပျိုးမှုဧက တော်တော်များများ ရှိနေတာကို တွေ့ရပါတယ်။ အထက်ပိုင်းဒေသများဖြစ်တဲ့ ထီးချိုင့်မြို့နယ်မှာဆိုရင် ကြံစိုက်ဧက ၅၆၀၂၀ ဧက၊ ကသာမြို့နယ်မှာဆိုရင် ကြံစိုက်ဧက ၅၀၁၀၈ ဧကနှင့် သပိတ်ကျင်းမြို့နယ်ဆိုရင် ကြံစိုက်ဧက ၁၀၀၀၀၊ စုစုပေါင်းဧရာဝတီမြစ်အထက်ပိုင်း ကြံစိုက်ဧကဒေသတွေမှာ စိုက်ပျိုးဧက ၁ သိန်းကျော်ရှိနေတာကို တွေ့ရှိနေရပါတယ်။ ကြံစိုက်တောင်သူများရဲ့ အခြေအနေကို တင်ပြရမယ်ဆိုရင် နိုင်ငံတော်မှ ထုတ်ချေးပေးတဲ့ စိုက်ပျိုးစရိတ်ချေးငွေကို ဘယ်ကာလကမှ ရရှိခဲ့ခြင်း မတွေ့ရပါဘူး။ စိုက်ပျိုးစရိတ်အတွက် ပြင်ပပုဂ္ဂလိကများထံမှ အတိုးနှုန်းမြင့်မားစွာဖြင့် ချေးယူနေကြပြီး အတိုးပေါ် အတိုးဆင့် မှုများကြောင့် ဘဝပျက်ခဲ့ရတဲ့ တောင်သူများစွာ ရှိခဲ့ကြပါတယ်။ သို့အတွက် ကြံစိုက်တောင်သူများကို ဘဝရပ်တည်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေရရှိရေး နိုင်ငံတော်မှ စဉ်းစားပေးသင့်ပါကြောင်း တင်ပြလိုပါတယ်။ သို့ပါ၍ စိုက်ပျိုး ရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူချင်း အတူတူပင် ဖြစ်လင့်ကစား ခံစားခွင့်များ ဆုံးရှုံးနေမှုများအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ကြံသီးနှံစိုက်ပျိုးစရိတ်ချေးငွေများရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြလိုပါတယ်။ တစ်ဆက်တည်း တင်ပြလိုသောကိစ္စကတော့ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကိစ္စပဲ ဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို သင့်တင့်မျှတသော အနေအထားနှင့် ထပ်မံတိုးမြှင့်ပေးခြင်း အစီအစဉ်ရှိ၊

မရှိမေးခွန်းကို ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်က ၂၈-၈-၂၀၁၂ ရက်နေ့ ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ အစည်းအဝေး၌ တင်ပြခဲ့ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက တိုးမြှင့်ပေးမည့်အစီအစဉ် မရှိသေးဘူး လို့သိရတော့ မေးမြန်းတင်ပြဖို့ အားလျော့သွားပါတယ်။ သတင်းစာပါအချက်အလက်ကို ပြန်ကြည့်တဲ့ အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ထုတ်ချေးမယ့် ချေးငွေ အမျိုးအစား အားလုံးအတွက် ရန်ပုံငွေတွက်ချက်လျာထားဆောင်ရွက်ပြီးဖြစ်လို့ ဆောင်းသီးနှံအတွက် နှုန်းထားတိုးမြှင့်ထုတ်ချေးပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားထားချက်ကို သိရှိရတဲ့အတွက် ဒီနှစ်မရရင် ရှေ့နှစ်စဉ်းစားပေးပါရန် တောင်သူများကိုယ်စား မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောင်းသီးနှံနှင့်ပတ်သက်ပြီး စိုက်ပျိုးစရိတ်ချေးငွေကို ထုတ်ချေးပေးမှု တင်ပြလိုပါတယ်ခင်ဗျား။ အခုအခြေအနေမှာ စပါးဆိုရင် တစ်ဧက တိုးမြှင့်ချေးငွေ ၅၀၀၀၀ ကျပ် ဖြစ်လာတဲ့အတွက် တောင်သူများ ကျေနပ်ဝမ်းမြောက်ကြရပါတယ်။ ဆောင်းသီးနှံ စိုက်ပျိုးတစ်ဧက ဆိုလျှင် ၁၀၀၀၀ ကျပ်ရရှိပြီး ပဲအမျိုးမျိုးလည်း ဒီလောက်ပဲရပါတယ်။ တင်ပြလိုတဲ့အချက်ကတော့ မြေပဲတစ်ဧကရဲ့ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ဟာလည်း စပါးနှင့်မကွာလောက်ပါဘူး။ သိပ်ပြီး မကွာလှတဲ့အတွက် ကိုင်းတောင်သူများကလည်း စိုက်ပျိုးစရိတ်ချေးငွေကို စပါးစိုက်ပျိုး စရိတ်ချေးငွေနှင့် ကွာဟမှုနည်းပါးစွာ ထုတ်ချေးခွင့်ရရှိတဲ့ဆန္ဒများရှိကြောင်း သိရှိရပါတယ်။ သို့အတွက် ကိုင်းတောင်သူများရဲ့ စိုက်ပျိုးစရိတ်ချေးငွေကိုလည်း နိုင်ငံတော်မှ စဉ်းစားပေးဖို့သင့်ပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနှစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မပေးနိုင်သေးဘူးဆိုရင် လာမည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရေး စဉ်းစားပေးသင့်ပါတယ်။ ဒါမှလည်း ကိုင်းတောင်သူများရဲ့ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးရေးတိုးတက် လာစေမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေမရရှိသေးတဲ့ ကြံတောင်သူများအတွက် စဉ်းစားဆောင်ရွက်ပေးရေး အစီအမံများနှင့် စိုက်ပျိုးစရိတ်ချေးငွေကွာဟချက်ရှိနေသော ကိုင်းတောင်သူများရဲ့ စိုက်ပျိုးစရိတ်ချေးငွေ ဆောင်ရွက်ပေးမည့် အခြေအနေများ သိရှိလိုတဲ့အတွက် လေးစားစွာ တင်ပြမေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး၏ ကြံတောင်သူများနှင့် ကိုင်းတောင်သူများ၏ စိုက်ပျိုးစရိတ် ချေးငွေကိစ္စ ဆောင်ရွက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးရာဒေသ အနှံ့အပြားရှိရာ ထွက်ရှိကြံများအား သကြားစက်ရုံသို့ရောင်းချခြင်း၊ သကြားစက်ရုံနှင့်ဝေးလံဒေသကြံများမှာ ပွက်ရည်ကြံသကာချက်လုပ်ခြင်းတို့ဖြင့် အသုံးပြုကြပါတယ်။ ယခုကိုယ်စားလှယ်တော်ကြီးတင်ပြသည့် ထီးချိုင့်မြို့နယ်တွင် တစ်ရက်လျှင် ကြံတန် ၂၀၀၀ ကြိတ်ဝါးစွမ်းအားရှိ Great Wall Co., ပိုင် မောင်းကုန်း သကြားစက်၊ တစ်ရက်လျှင် ကြံတန် ၂၀၀ ကြိတ်ဝါးစွမ်းအားရှိ မြတောင်သားသကြားစက်နှင့် UTV သကြားစက်ရုံများ ရှိကြပါတယ်။ မြန်မာနိုင်ငံကြံစိုက်ပျိုးမှုနှင့် သကြားထုတ်လုပ်မှုလုပ်ငန်းသည် ကြံတောင်သူနှင့်သကြားစက်ရုံ အကျိုးတူစီးပွားရေးဆောင်ရွက်သည့် လုပ်ငန်းဖြစ်ပါတယ်။ ကြံတောင်သူများ ကြံစိုက်ပျိုးမှုသာ စက်ရုံမှကုန်ကြမ်းရရှိ၍ သကြားထုတ်လုပ်ရောင်းချသည့် လုပ်ငန်းအား ဆောင်ရွက်ရပါတယ်။ စက်ရုံမှ ရရှိသည့် အကျိုးအမြတ်အရ ကြံတောင်သူသို့ သင့်တော်သည့် ကြံဈေးသတ်မှတ်၍ ဝယ်ယူရပါတယ်။ ကျွန်းကိုင်းမှီကိုင်းကျွန်းမှီ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် သင့်လျော်သည့် ကြံဈေးနှုန်း သတ်မှတ်ဝယ်ယူခြင်းသာမကပဲ သကြားစက်ရုံပိုင်ရှင်များအနေနှင့် ကြံတောင်သူများ၏ စိုက်ပျိုးစရိတ် ရင်းနှီးမြှုပ်နှံငွေအား ကြိုတင်ပံ့ပိုး၍ ကြံဝယ်ယူချိန်တွင် ခုနှိမ်ယူသည့် အလေ့အထဖြင့် ဆောင်ရွက်ကြပါတယ်။

နိုင်ငံပိုင်သကြားစက်များအား ၂၀၁၁-၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်မူဝါဒအရ ပုဂ္ဂလိက ကုမ္ပဏီများသို့ လွှဲပြောင်းပေးပြီးနောက်ပိုင်း ငှားရမ်းလုပ်ကိုင်သည့် ကုမ္ပဏီများအနေနှင့် ဒေသတွင်း တောင်သူများ၏ လိုအပ်ချက်အပေါ် အခြေခံ၍ ထွန်ယက်ရေး၊ ဓာတ်မြေသြဇာ၊ ဘောင်လုံးစရိတ် စသည်တို့အား ပစ္စည်း၊ ငွေကြေးဖြင့် ပံ့ပိုးလျက်ရှိရာမျိုးလိုအပ်သည့် ကြံတောင်သူများအား ကြံမျိုး ပံ့ပိုး

ပေးပြီး၊ တောင်သူအများစုအား ခင်းသစ်တစ်ဧကလျှင် ၁၀၀၀၀၀ ကျပ်မှ ၁၃၀၀၀၀ ကျပ်ခန့်ထိ၊ လမိုင်း တစ်ဧကလျှင် ကျပ် ၂၅၀၀၀ မှ ၆၀၀၀၀ ခန့်ထိ ကြိုတင်ပံ့ပိုးပေးကြပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြသည့် ထီးချိုင့်မြို့နယ်ရှိ ပုဂ္ဂလိကသကြားစက်ရုံများသည် ကြံဝယ်ယူရေးကြိုတင်စရန်ငွေအဖြစ် ဇွန်လမှစတင်၍ ကြံတစ်တန်လျှင် ၈၀၀၀ ကျပ်နှုန်း ထုတ်ပေး လျက်ရှိကြောင်း သိရှိရပါတယ်။ အဆိုပါကြိုတင်ချေးငွေဖြင့် ဘောင်လုံးခြင်း၊ မြေဩဇာကျွေးခြင်း၊ ပေါင်းရှင်းခြင်းနှင့် ကြံခုတ်သိမ်းခြင်းတို့အား ကျခံဆောင်ရွက်နိုင်ပါတယ်။

ထို့ပြင် မောင်းကုန်း သကြားစက်အနေနှင့် အထက်ပါ ချေးငွေပေးသည့် စနစ်အပြင် ၅ နှစ် ချေးငွေအဖြစ် ကြံတောင်သူ ၁၄၈ ဦး၊ ဧက ၃၀၈၀ အား တစ်ဧကလျှင် ၈၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ကန်ထရိုက်အကျိုးတူ စိုက်နည်းစနစ်ဖြင့် ကြံတောင်သူ ၈၀ ဦး၊ ၂၂၃၃ ဧက အား တစ်ဧကလျှင် ငွေသား ၃၀၀၀၀ ကျပ်နှုန်းအပြင် မျိုးပံ့ပိုးခြင်း၊ ထွန်ယက်ခြင်း၊ မြေဩဇာ ပံ့ပိုးပေးခြင်း ဖြင့်သော်လည်းကောင်း ဆောင်ရွက်ပေးနေကြောင်း သိရှိရပါတယ်။ ထီးချိုင့်မြို့နယ် ကြံစိုက်တောင်သူ များအတွက် စိုက်စရိတ်အနေနှင့် သက်ဆိုင်ရာ စက်ရုံလုပ်ငန်းရှင်များမှ ဆောင်ရွက်ပေးလျှက်ရှိခြင်း ကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနှင့် လောလောဆယ် ငွေထုတ်ချေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သည့် စပါးသီးနှံကိုတော့ ဦးစားပေးအနေဖြင့် တစ်ဧက ကျပ် ၅၀၀၀၀ နှုန်းအထိ ယခု ၂၀၁၂ မိုးရာသီချေးငွေမှစတင်၍ တိုးမြှင့် ထုတ်ချေးပေးလျက်ရှိပါတယ်။

မြေပဲသီးနှံအပါအဝင် ဆောင်းသီးနှံများကို အခါအားလျော်စွာနှုန်းထားများ တိုးမြှင့်ပေးခဲ့ရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၆၀၀၀ နှုန်းနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှစတင်၍ ကျပ် ၁၀၀၀၀ အထိ တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပါတယ်။ ဆောင်းသီးနှံစိုက်တောင်သူများအနေနှင့် ငွေကြေးလိုအပ်ချက်ရှိပါက ၎င်းတို့နှင့် အကျိုးတူဆောင်ရွက်နေကြသည့် ကုမ္ပဏီများ၊ အခြားအထူးပြု ကုမ္ပဏီကြီးများနှင့်လည်း ညှိနှိုင်းပြီး ချေးငွေရယူနိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ အဓိကစားသုံးသီးနှံအမယ်ဖြစ်သော ဆန်စပါးသီးနှံစိုက်လိုအား ပိုမိုတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော် ဘဏ္ဍာငွေကြေး လည်ပတ် နိုင်မှုအခြေအနေပေါ်မူတည်၍ စိုက်ပျိုးစရိတ်ပိုမိုတိုးမြှင့် ထုတ်ချေးပေးနိုင်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိနေပါကြောင်းနှင့် လောလောဆယ်အနေဖြင့် ဆောင်းသီးနှံများအတွက် နှုန်းထား

တိုးမြှင့်ထုတ်ချေးပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အောက်ခြေတောင်သူလယ်သမားများအတွက် မြေလွတ်၊ မြေရိုင်း လုပ်ကိုင်ခွင့်နှင့် အခွန်ပြေစာ လျှောက်ထားမှုလယ်မြေကို အခြား နည်းလမ်းအသုံးပြုခွင့် (၃၉) နှင့် ပုံစံ (၁၀၅) လျှောက်ထားမှု၊ ဥယျာဉ်ခြံမြေ၊ ဂရန်လျှောက်ထားမှုတို့ကို မြန်ဆန်အောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။တောင်ဥက္ကလာပမဲဆန္ဒနယ်က ဦးအောင်သိန်းလင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း (တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဒီနေ့ ကျေးလက်ဒေသတွေမှာ သွားရောက်ဆောင်ရွက်တဲ့ အခါမှာ တွေ့ကြုံတဲ့ အတွေ့အကြုံအရ တောင်သူလယ်သမားတွေနဲ့ ပတ်သက်ပြီးတော့မှ တချို့စဉ်းစား စရာလေးတွေ အတွေ့အကြုံလေးတွေအပေါ်မူတည်ပြီးတော့မှ မေးခွန်းမေးချင်တာ ဖြစ်ပါတယ်။ ဒါဘာလဲဆိုတော့ အားလုံးသိတဲ့အတိုင်းပဲ လယ်ယာမြေ စိုက်ပျိုးရေးကိစ္စတွေဟာ ရာသီဥတုအပေါ်မှာ မူတည်ပြီးတော့မှ အဓိကလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ အောက်ခြေ အုပ်ချုပ်ရေးဝန်ထမ်းနဲ့ ပြည်ထောင်စုဝန်ကြီးဌာနက အောက်ခြေဝန်ထမ်းများရဲ့ သုံးသပ်ဆုံးဖြတ်နိုင်မှု အတိုင်းအတာအရ ကြိုတင်ဆောင်ရွက်ခွင့်ပြုခြင်းကို ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ အတိုင်းအတာ တစ်ခုထိ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ အုပ်ချုပ်ရေးဌာနတို့က ထိန်းကျောင်းသတ်မှတ်ပေး သင့်တယ်လို့ ကျွန်တော့်အတွေ့အကြုံအရ ယူဆတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒါဘာလည်းဆိုလို့ရှိရင် ကျွန်တော့်အတွေ့အကြုံတစ်ခုကတော့ ရန်ကုန်တိုင်းဒေသကြီးမှာ ပြီးခဲ့တဲ့ နွေရာသီမှာ သုံးခွမြို့နယ်မှာ ပင်လယ်ကမ်းခြေက ပင်လယ်ကမ်းကောတဲ့မြေတွေ ပေါ်ပေါက်လာတဲ့ အခါမှာ သက်ဆိုင်ရာအုပ်ချုပ်ရေး အကြီးအကဲ တိုင်းဒေသကြီးဝန်ကြီးချုပ် ဆီတင်ပြပြီးတော့မှ ဆောင်ရွက်ပေးတဲ့အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း လယ်မဲ့ယာမဲ့တွေကို အချိုးကျ ညီညီမျှမျှ ခွဲဝေဆောင်ရွက်ပေးခဲ့တာရှိပါတယ်။ အလားတူပဲ ထပ်မံပေါ်ပေါက်လာတဲ့ အခါမှာထပ်ပြီး တော့မှ ခွဲဝေပေးဖို့ တင်ပြတဲ့အခါမှာ အထက်အကြီးအကဲတွေကလည်း မူအတိုင်းခွဲပေးဖို့ သတ်မှတ် ပေးမယ့် အောက်ခြေတာဝန်ရှိတဲ့ဝန်ထမ်းတွေက အမိန့်ရောက်မလာတဲ့အတွက် ဆင်းပြီးတော့ မလုပ်ရဘူး။ ဆင်းလုပ်ရင်ဥပဒေအရ အရေးယူမယ်ဆိုပြီးတော့ တားမြစ်တဲ့အတွက် ဒီတစ်မိုးတစ်ရာသီ မှာတော့ လွတ်သွားတဲ့ အနေအထားမျိုးရှိပါတယ်။ တကယ်လို့သာ မူဝါဒနဲ့အညီ၊ ဥပဒေနဲ့အညီ

ကြိုတင်ဆောင်ရွက်ပေးခွင့်ကို အောက်ခြေဝန်ထမ်းတွေကို သတ်မှတ်ပေးထားမယ်ဆိုရင် ကြိုတင်ဆောင်ရွက်ခွင့်ကိုလည်း ထိန်းကျောင်းဖို့လိုပါတယ်။ ထိန်းကျောင်းသတ်မှတ် ပေးထားမယ်ဆိုရင် ဒီတစ်မိုးတစ်ရာသီအမီ ဒီလယ်မဲ့၊ ယာမဲ့တွေက လယ်စိုက်ခွင့်ရသွားမှာ ဖြစ်ပါတယ်။ အလားတူပဲ နောက်အတွေ့အကြုံတစ်ခုကတော့ တွံတေးမြို့နယ် ကံရွာမှာ လယ်သမား ၅ ယောက်က၊ မြေဧက ၂၀ကို လယ်စိုက်ကြပါတယ်။ စိုက်တဲ့အခါမှာ သက်ဆိုင်ရာဆည်မြောင်းလက်တံမြောင်းကနေပြီးတော့မှ မြောင်းဖောက်သွယ်ပြီးတော့မှ သူတို့လယ်ကို သူတို့ရေသွင်းပါတယ်။ ရေးသွင်းပြီးတော့ လယ်စိုက်တဲ့အခါမှာ သက်ဆိုင်ရာဌာနကနေပြီးတော့မှ သူတို့မြောင်းကို ပိတ်တယ်ဆိုပြီးတော့ တရားစွဲပါတယ်။ တကယ်လို့သာ တရားစွဲတဲ့အတွက် ဒီမြောင်းကို ပြန်ဖွင့်ပေးလိုက်ရပြီးတော့မှ သူတို့ဖောက်ထားတဲ့ လက်တံများကို ပြန်ဖွင့်ပေးလိုက်ရပြီးတော့မှ ရေတွေဆုံးရှုံးသွားတဲ့အတွက် ဒီလယ်ဧက ၂၀ကလည်း အခုတော့ သေသွားပါပြီ။ တကယ်လို့သာ ဒီအောက်ခြေဝန်ထမ်းတွေအနေနဲ့ ဒီသဘာဝကျတဲ့လုပ်ငန်းကို ကြိုတင် ဆောင်ရွက်ခွင့်ပြုမိန့်ပေးပြီးတော့မှ ဆောင်ရွက်စေမယ်ဆိုရင် ဒီအမှုဖြစ်စရာအကြောင်းမရှိပါဘူး။ လယ်သမား ၅ ယောက်ဟာ ၇လရှိပါပြီ။ တရားရင်ဆိုင်နေရတဲ့အတွက် လယ်လည်းဆုံးရှုံးသွားပါပြီ အခုထက်ထိတရားရင်ဆိုင်နေရတာလည်း မပြီးပြတ်သေးဘူး ဖြစ်ပါတယ်။ ဒီလိုအောက်ခြေ ဝန်ထမ်းတွေ ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ ကြိုတင်ဆောင်ရွက်ခွင့် ပြုခြင်းနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်မေးချင်တာကတော့ လယ်ယာမြေဥပဒေထုတ်ပြန်ပြီး ဖြစ်ပေမယ့် အောက်ခြေတောင်သူ လယ်သမားများအနေနဲ့ ယခင်အတိုင်းကြုံတွေ့နေရဆဲပဲ ဖြစ်ပါတယ်။ အထူးသဖြင့် မြေလွတ်၊ မြေရိုင်းလုပ်ပိုင်ခွင့်နဲ့ အခွန်ပြေစာ လျှောက်ထားမှုလယ်မြေကို အခြားနည်းအသုံးပြုခွင့် လန (၃၉) နှင့် ပုံစံ (၁၀၅) လျှောက်ထားမှု ဥယျာဉ်ခြံမြေ ဂရန်လျှောက်ထားမှုတို့မှာ တချို့ဒေသတွေမှာ ကြန့်ကြာနေဆဲဖြစ်တာကို တွေ့ရှိနေရတဲ့အတွက် အဲဒါတွေကို မြန်ဆန်အောင် ဘယ်လိုဆောင်ရွက်ပေးမလဲဆိုတာကို သိချင်လို့မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းက မေးမြန်းထားသော လယ်ယာမြေဥပဒေထုတ်ပြန်ပြီးဖြစ်သော်လည်း အောက်ခြေတောင်သူ လယ်သမား

များအနေဖြင့် ယခင်အတိုင်းကြုံတွေ့နေရဆဲဖြစ်ကြောင်း၊ အထူးသဖြင့် မြေလွတ်၊ မြေရိုင်းလုပ်ကိုင်ခွင့်နှင့် အခွန်ပြေစာလျှောက်ထားမှု၊ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် (၃၉) နှင့် ပုံစံ (၁၀၅) လျှောက်ထားမှု၊ ဥယျာဉ်ခြံမြေ၊ ဂရန်လျှောက်ထားမှုတို့မှာ ကြန့်ကြာနေဆဲ ဖြစ်သည်ကို တွေ့နေရကြောင်း၊ ယင်းတို့ကိုမြန်ဆန်အောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးထားတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးကျွန်တော် ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတွင် ထိန်းသိမ်းထားရှိသည့် ကွင်းမြေပုံနှင့် မှတ်ပုံတင်စာရင်းများမှာ မိတ္တူ သို့မဟုတ် ကောက်နုတ်ချက်များ ရေးကူးပေးရာတွင် မြန်မာနိုင်ငံ မြေစာရင်းလက်စွဲဥပဒေအပိုဒ် ၃၉၄ အရ ပြဋ္ဌာန်းချက် နှင့်အညီ မြေပုံများကို မြေစာရင်းပုံစံ (၁၀၅) ဖြင့် ရေးကူးထုတ်ပေးဆောင်ရွက်လျက် ရှိပါတယ်။ မြေစာရင်းပုံစံ (၁၀၅) သည် ရေးကူးလိုသည့် ဦးပိုင်မြေကွက်အတွက် အသုံးပြုလိုသည့် အကြောင်းအရာအလိုက် ဖော်ပြလျက် တည်ဆဲနှစ်အတွက် လက်ရှိအသုံးပြုလျက်ရှိသည့် မြေပုံနှင့်မှတ်ပုံတင်စာရင်းများမှ ကောက်နုတ်ချက်မှန်ကန်ကြောင်း သက်ဆိုင်ရာ အရာရှိက နေ့စွဲနှင့်တကွ ရာထူးအမည်ကို ဖော်ပြ၍ အတည်ပြုလက်မှတ်ရေးထိုး ထုတ်ပေးသည့် ဦးပိုင်မြေပုံလက်ခံရေးကူးပေးရန် ပုံစံဖြစ်ပါတယ်။ မြေစာရင်းပုံစံ (၁၀၅) ရေးကူးခြင်းကို မြေစာရင်းလက်စွဲဥပဒေအရ ယခင်ကသက်ဆိုင်ရာ မြေတိုင်းစာရေးနှင့် မြေစာရင်းဌာန အမှုတွဲထိန်းများက ရေးကူးထုတ်ပေးခွင့် ရှိခဲ့ပါတယ်။ ယင်းသို့ ရေးကူးထုတ်ပေးရာတွင် အချို့မြေစာရင်းပုံစံ (၁၀၅) ပါ မြေပုံကို အတုအပပြုလုပ်မှုများရှိခဲ့သဖြင့် မြေစာရင်းပုံစံ (၁၀၅) ကို တတ်နိုင်သမျှတုပ၍ မရရှိစေရန် အသင့်နှိပ်ပြီးပုံစံများတွင် အမှတ်စဉ်တပ်ပေးခြင်း၊ တုပရန်ခက်ခဲသည့် ရုံးအမှတ်အသားပါတံဆိပ် ရိုက်ကပ်ပေးခြင်းပုံစံများ သတ်မှတ်ဖြန့်ဝေအသုံးပြုစေလျက် ရှိပါတယ်။ မြေပုံရေးကူးခြင်းကိုလည်း သက်ဆိုင်ရာအုပ်စု မြေတိုင်းစာရေး၏ စိစစ်ရေးကူးတင်ပြချက် အပေါ်လက်ထောက်ဦးစီးမှူးက မြေပြင်အခြေအနေနှင့် တိုက်ဆိုင်စစ်ဆေးပြီး မြို့နယ်မြေစာရင်း ဦးစီးဌာနမှူးက ထပ်ဆင့်စိစစ် အတည်ပြုလက်မှတ်ရေးထိုး၍ မြေပုံရေးကူးထုတ်ပေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက် ရှိပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်း၊ ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ (၃၉) အရ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားခြင်း၊ ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၈(၁)အရ လယ်ယာမြေကို သီးနှံပြောင်းလဲစိုက်ပျိုးမှုအတွက် မြေအမျိုးအစားပြောင်းလဲရန် လျှောက်ထားခြင်းနှင့် မြေငှားဂရန် လျှောက်ထားခြင်း

များအတွက် အမှုတွဲများ တည်ဆောက်ရာတွင် မြေစာရင်း ပုံစံ (၁၀၅) ဖြင့် မြေပုံရေးကူးခြင်းကို ဦးစွာဆောင်ရွက်ရပါတယ်။ မြေစာရင်းပုံစံ (၁၀၅) ဖြင့် မြေပုံရေးကူး ခြင်း၊ မြေရာဇဝင်စိစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးနောက် လျှောက်ထားသည့် ကိစ္စရပ်အလိုက်ကန့်ကွက် လွှာ ခေါ်ယူခြင်း၊ သက်ဆိုင်သည့် လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့၏ စိစစ်သဘောထား ထောက်ခံချက်များကို ရယူခြင်းတို့ကို နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းသည့်မေးခွန်းတွင် ဖော်ပြပါရှိသည့် ဂရန်လျှောက်ထားခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်၊ မန္တလေးမြို့တော်နှင့် နေပြည်တော်ကောင်စီနယ်မြေ တို့တွင် ဆိုင်ရာမြို့တော် စည်ပင်သာယာရေးကော်မတီတို့ထံသို့လည်းကောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ပြည်ထဲရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း တင်ပြ လျှောက်ထားပြီး စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား အတွက် နိုင်ငံတော်၏ ပြောင်းလဲကျင့်သုံးလျက်ရှိသည့် ခေတ်စနစ်နှင့်အညီ ယခင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပယ်ဖျက် ပြီး ဥပဒေသစ်များ အသစ်ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် တတိယပုံမှန်အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းပေးခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် လယ်ယာမြေဥပဒေတို့ကို နိုင်ငံတော်သမ္မတ က ၂၀၁၂ခုနှစ်၊ မတ်လ ၃၀ ရက် နေ့ရက်စွဲဖြင့် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်သည့် ဥပဒေ ၂ ရပ်အရ လက်တွေ့လိုက်နာ ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၂ခုနှစ်၊ မေလ ၂ရက် ရက်စွဲပါစာအမှတ် ၁၁၂(၁)/၈/သမ္မတရုံးဖြင့် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး(လယ်ယာ) ဦးဆောင်သည့် အဖွဲ့ဝင် ၁၆ ဦး ပါဝင်ဖွဲ့စည်းပေးသော နည်းဥပဒေများရေးဆွဲရေးလုပ်ငန်းကော်မတီအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများ မူကြမ်းနှင့် လယ်ယာမြေနည်းဥပဒေများမူကြမ်း တို့ကို ရေးဆွဲပြုစုနိုင်ခဲ့ ပြီးဖြစ်ပါသည်။ အဆိုပါ လယ်ယာမြေနည်းဥပဒေများ၊ မူကြမ်းနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများ၊ မူကြမ်းတို့ကို ခိုင်ခန့်မှုရှိစေရန် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ဥပဒေပညာရှင်များ၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင် သူများနှင့် အကြိမ်ကြိမ် အထပ်ထပ်ညှိနှိုင်းစိစစ်ပြုစုဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတထံ သဘောထား

တင်ပြထားရှိ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ဆောင်ရွက် သွားရန်စီစဉ် ဆောင်ရွက်လျက်ရှိရာ မကြာမီထုတ်ပြန်နိုင်တော့မည်ဖြစ်ပါတယ်။ လွှတ်တော်အဆင့်ဆင့်က အတည်ပြု ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ထားပြီးဖြစ်သည့် ဥပဒေများ အာဏာ သက်ရောက်၍ လက်တွေ့ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခိုင်မာသည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ခိုင်ခံ့စွာရေးဆွဲပြုစုရန် အထူးအရေးကြီးပါတယ်။ ဥပမာအားဖြင့် လှော်ကောင်းစားချင်လျှင် ပလောင်တောင်တက် နှေးရမည်။ ယခု ရေတွင်းတူး ယခုရေကြည် သောက်၍ မရပါဆိုသည့် မြန်မာ့ဓလေ့စရိုက်စကားပုံအတိုင်း အလောတကြီးနှင့် ဆန္ဒမစောရန် မဖြစ်သင့်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၀၈ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအပုဒ် ၂၄၈ အရ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဝန်ကြီးချုပ်ဦးဆောင်သည့် အစိုးရအဖွဲ့ အဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိနေကြပြီဖြစ်ရာ ဒေသအတွင်း ဖြစ်ပေါ်လျက်ရှိသည့် မြေယာစီမံခန့်ခွဲမှု ကိစ္စရပ်များအပါအဝင် အရေးကိစ္စဟူသမျှကို ထုတ်ပြန်ထားပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေပြင်ပကတိ အခြေအနေအတိုင်း ကြီးကြပ်စိစစ်ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၏ မေးခွန်းတွင်ပါရှိတဲ့ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အတည်ပြု ဋ္ဌာန်းပြီးဖြစ်သည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် လယ်ယာမြေဥပဒေတို့ အရ ပေါ်ပေါက်လာမည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ဒေသအတွင်းမြေယာစီမံခန့်ခွဲမှု ကိစ္စရပ်များအား မြေပြင်ပကတိအခြေအနေအတိုင်း ထိရောက်သွက်လက်စွာ ကိုင်တွယ်စစ်ဆေး စိစစ်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရန်ကုန်-ပြည် ဧရာဝတီသင်္ဘောလေးများ တစ်ပတ်လျှင် တစ်ရက်သာ ပြေးဆွဲနေမှုကို တိုးမြှင့်ပြေးဆွဲ ပေးနိုင်ခြင်းရှိ၊မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ဝင်း(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်အပေါင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်းတို့ခင်ဗျား။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းဖြစ်ပါတယ်။ နိုင်ငံတော်မှာ

ကားလမ်း၊ ရထားလမ်းများ တိုးချဲ့ဖွင့်လှစ်ဖောက်လုပ်ပြေးဆွဲလျက်ရှိသော်လည်း ဧရာဝတီမြစ်ရိုး တစ်လျှောက်ရှိ ကျေးရွာများနှင့် မြို့များမှာ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးပိုင် ဧရာဝတီ သင်္ဘောလေးများကို အားကိုးအားထားပြုပြီးတော့ သွားလာနေရဆဲဖြစ်ပါတယ်။ အရင်တုန်းက ရန်ကုန်-ပြည် ဧရာဝတီမြစ်ရိုးတစ်လျှောက်ခရီးစဉ်မှာ ဧရာဝတီသင်္ဘောလေးများဟာ နေ့စဉ်အစုန် အဆန်ရှိခဲ့သဖြင့် ကုန်တင်ပို့ခြင်းနှင့် ခရီးသွားလာရေးမှာ များစွာအဆင်ပြေခဲ့ပါတယ်။ အခုအခါမှာ အဲဒီသင်္ဘောလေးများဟာ တစ်ပတ်လျှင်တစ်ကြိမ်သာ ပြေးဆွဲလျက်ရှိတဲ့အတွက် ကုန်စည်သယ်ပို့ရေး နှင့်ခရီးသွားလာရေးမှာ အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း မဲဆန္ဒရှင်ပြည်သူများက တင်ပြလာ တာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ မေးခွန်း ၂ ခုကို မေးမြန်းလိုပါတယ်။ (၁) ယခု ပြေးဆွဲလျက်ရှိသည့် တစ်ပတ်လျှင် တစ်ကြိမ်ထက် တိုးမြှင့်ပြီးပြေးဆွဲပေးနိုင်ခြင်းရှိ၊မရှိ။ (၂) ယခုလက်ရှိ ပြေးဆွဲနေတဲ့ ဧရာဝတီသင်္ဘောလေးများဟာ အိုမင်းဟောင်းနွမ်းနေပြီဖြစ်တဲ့အတွက် အသစ်အစားထိုး ပြီးတော့ လဲလှယ်ပြေးဆွဲနိုင်ခြင်းရှိ၊မရှိ ကိုဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၏ မေးခွန်းကို ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဟံစိန်မှ ပြန်လည်ဖြေကြား သွားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကနေပြီးတော့ ရန်ကုန်-ပြည်ခရီးလမ်းကို တီ/အက်စ် အမျိုးအစားရေယာဉ်များဖြင့် နေ့စဉ်အစုန်အဆန် ပြေးဆွဲ နေရာကနေပြီးတော့ ၁၉၉၉ ခုနှစ်မှာ တစ်ရက်ခြားသာပြေးဆွဲခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်ရောက်တဲ့အခါ ကြတော့ တစ်ပတ်သုံးခေါက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) နေ့များမှာပြေးဆွဲခဲ့ပါတယ်။ ၂၀၀၃ ခုနှစ် ကနေ ၂၀၀၉ ခုနှစ်အထိကို တစ်ပတ် နှစ်ခေါက် (တနင်္လာ၊သောကြာ) ပြေးဆွဲခဲ့ပြီး ၂၀၀၉ ခုနှစ်၊ ဇွန်လ ကနေ ယနေ့အထိ တစ်ပတ်တစ်ခေါက် ( သောကြာနေ့ ) များမှာ ပြေးဆွဲပေးလျက် ရှိပါတယ်။ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရန်ကုန်ကနေ ပြည်အထိ ခရီးစဉ်အစအဆုံး လမ်းခရီးဆိပ်ကမ်းများ

ကနေ ပြီးတော့ လိုက်ပါတဲ့ ခရီးသည်စုစုပေါင်း တစ်ခေါက်ကို ပျမ်းမျှ ၃၀၀ ခန့်လောက်နဲ့ ကုန်တန်ချိန် စုစုပေါင်း ၁၂၀ တန် ကျော်ခန့်ဖြစ်တဲ့အတွက် အသုံးစရိတ်နှင့် ဝင်ငွေအချိုးမှာ ရာခိုင်နှုန်း ၁၄၀ ကျော် ဖြစ်နေတဲ့အတွက် စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိဘဲနဲ့ ဒီခရီးလမ်းက အရှုံးပေါ်နေတဲ့ ခရီးလမ်း တစ်ခုဖြစ်ပါတယ်။ ရန်ကုန်-ပြည်ခရီးလမ်းအနေနဲ့ ကားလမ်းများကောင်းမွန်တဲ့အတွက် ခရီးသည် များဟာ ရေကြောင်းလမ်းခရီးကို အားပြုသွားလာခြင်းမရှိတဲ့အတွက် ရေယာဉ်တွင် ခရီးသည်များလိုက် ပါမှုနည်းပါးပြီးတော့ ခရီးတိုများသာ သွားလာမှုများပါတယ်။ ဒေသထွက်ကုန်များပို့ဆောင်ခြင်းလည်း နည်းတဲ့အတွက်ကြောင့်မို့လို့ ယခုအခါ ခရီးစဉ်များမှာ ပျမ်းမျှအားဖြင့် ခရီးသည် ၆၀ ဦးခန့်သာ လိုက်ပါကြောင်းတွေ့ရှိရပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနဲ့ စီးပွားရေးအဖွဲ့အစည်း တစ်ခုဖြစ်တဲ့အတွက် မိမိဘဏ္ဍာငွေပေါ်မှာ ရပ်တည်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ စီးပွားရေး တွက်ခြေမကိုက်တဲ့ ခရီးလမ်းကို အရှုံးခံပြေးဆွဲနိုင်ခြင်းမရှိတော့တဲ့အတွက် ယခင် တစ်ပတ် ၂ ခေါက် ပြေးဆွဲနေရာမှ တစ်ပတ်တစ်ခေါက်သာ ပြေးဆွဲပေးနိုင်ကြောင်းတင်ပြအပ်ပါတယ်။ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဂျပန်နိုင်ငံ၏ ODA ချေးငွေနဲ့ မြစ်ဝကျွန်း ပေါ်ဒေသတွင် ပြေးဆွဲနိုင်ဖို့ ခရီးသည် ၂၀၀ ဦးတင်ဆောင်နိုင်မယ့် နှစ်ထပ်ရေယာဉ် ၄ စီး တည်ဆောက်ရန် အဆိုပြုတင်ပြထားပြီး အဲဒီရေယာဉ် အသစ်တွေတည်ဆောက်ပြီးပါက လိုအပ်တဲ့ ခရီးလမ်းများမှာ ဦးစားပေးပြေးဆွဲရန် စီစဉ်ထားရှိပါတယ်။ ရန်ကုန်-ပြည်ခရီးစဉ်အနေနဲ့တော့ ခရီးသည်နှင့်ကုန်စည် ပို့ဆောင်မှုအခြေအနေအရ တစ်ပတ်မှာ တစ်ခေါက်ထက် တိုးမြှင့်ပြေးဆွဲ ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ဒီခရီးလမ်းမှာလည်း သင်္ဘောအသစ်များ အစားထိုးပြေးဆွဲပေး နိုင်ခြင်းမရှိသေးကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြည်မြို့နှင့် ဓနုဖြူမြို့ကြား ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မော်တော်များ ရေလမ်းကြောင်းပိတ်၍ မြစ်ကျောက်များထုတ်လုပ်နေမှုကို မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာတင်မောင်ကြိုင်(ကြံခင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်မောင်ကြိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီမြစ်အတွင်းမှာ မြစ်ကျောက်များထုတ်ယူနေတဲ့ ရေယာဉ်များနှင့်ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်မြို့နှင့်ဓနုဖြူမြို့အကြားမှာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်ကျောက်ထုတ်ယူနေတဲ့ လုပ်ငန်းရှင်များဟာ မိမိတို့ရဲ့ ကျောက်စုပ်ရေယာဉ်များကို ရေကြောင်းပိတ်၍ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေကြသဖြင့် တခြားရေယာဉ်များသွားလာရာတွင် အခက်အခဲများရှိနေကြောင်း သိရှိရပါတယ်။ ၎င်းအပြင် မြစ်ကျောက်များစုပ်ယူရာ၌ ပါလာသောသဲများကို မြစ်ထဲသို့ပြန်လည်သွန်ချခဲ့သဖြင့် သဲပုံများဖြစ်ပေါ်လာပြီး ၎င်းသဲပုံများအပေါ် ဖြတ်မောင်းမိသော တွဲရေယာဉ်များမှ ကုန်တွဲနှင့်စက်ရေယာဉ်တွဲချိထားသော ကြိုးများပြတ်တောက်လေ့ရှိသဖြင့် ရေယာဉ်လုပ်သားများအတွက် အန္တရာယ်များရှိနေကြောင်း သိရှိရပါတယ်။ သို့ပါ၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်ကျောက်ထုတ်လုပ်သည့် မော်တော်များရေလမ်းကြောင်းပိတ်၍ လုပ်ငန်းများဆောင်ရွက်နေသည်ကို သိရှိပါသလား။ သိရှိပါက အခြားရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် မည်ကဲ့သို့အရေးယူ ဆောင်ရွက်နေသည်ကိုသိရှိလို၍ လိုရင်းတိုရှင်း ဖြေကြားပေးပါရန် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်မောင်ကြိုင်ရဲ့ မေးခွန်းကို ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်မြို့နှင့် ဓနုဖြူမြို့အကြား ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှာ မြစ်ကျောက်ထုတ်လုပ်တဲ့လုပ်ငန်းများကို ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနေရာများအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြစ်ကျောက်စရစ်ထုတ်လုပ်ခွင့်အတွက် လုပ်ငန်းရှင် ၂၄ ဦးကိုလည်းကောင်း၊ ဧရာဝတီမြစ်အနောက်ဘက်ကမ်းနေရာများမှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြစ်ကျောက်စရစ်ထုတ်လုပ်ခွင့်အတွက် လုပ်ငန်းရှင် ၁၆ ဦးကိုလည်းကောင်း လုပ်ကိုင်ခွင့်များချထား၍ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အဲဒီ လုပ်ငန်းများ လုပ်ကိုင်ခွင့်များချထားပေးရန်အတွက် ခွင့်ပြုရန်သင့်၊မသင့် သဘောထားမှတ်ချက်ကို ပို့ဆောင်ရေးဝန်ကြီးဌာန

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေး၍ သဲကျောက်များ ထုတ်လုပ်လိုသောနေရာသည် ရေယာဉ်သွားလမ်းကြောင်းနှင့် ကင်းလွတ်မှုရှိ၊မရှိ၊ မြစ်သဲကျောက် ထုတ်ယူမှုကြောင့် ကမ်းပြိုကမ်းစားနိုင်ခြင်း ရှိ၊ မရှိ တိုင်းတာစစ်ဆေး၍ အဆိုပါအချက်များ ကင်းလွတ်မှသာ မြစ်သဲကျောက်ထုတ်လုပ်မှုလုပ်ငန်းအား ခွင့်ပြုသင့်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရသို့ သဘောထားမှတ်ချက် ပြန်ကြားပေးပို့ခြင်း ဖြစ်ပါတယ်။ အဲဒီအပြင် တိုင်းဒေသကြီးအစိုးရ များမှလည်း မြစ်သဲကျောက်ထုတ်လုပ် ခွင့်ပြုပြီးသော လုပ်ကွက်များအတိုင်း ဆောင်ရွက်ခြင်းရှိ၊မရှိ၊ စည်းကမ်းချက်များအတိုင်း လိုက်နာမှုရှိ၊မရှိစသည့်အချက်များကို တိုင်းဒေသကြီး ကွင်းဆင်းစစ်ဆေး ရေးအဖွဲ့ တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း များကိုဆောင်ရွက်လျက်ရှိပါတယ်။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ထောက်ခံချက်မရှိဘဲ တားမြစ်ထားတဲ့နေရာမှာ မြစ်သဲကျောက်တူးဖော်လုပ်ကိုင်နေသည်များကို တွေ့ရှိ မယ်ဆိုရင် မည်သူမဆို အမှုဖွင့်တိုင်ကြားနိုင်ပါတယ်။ အဲဒီလို တိုင်ကြားတဲ့အခါမှာလည်း သတ်မှတ် ထားတဲ့ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိတဲ့ မြစ်သဲကျောက်ထုတ်လုပ်သူများကိုလည်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပါ ပုဒ်မများအတိုင်း အရေးယူဆောင်ရွက် လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]**

**အချိန်၊ ၁၁း၄၀ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီ အလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမ အကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့တွင် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းထားသော မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်ပါမယ်။ ဒီလို ဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ခေါင်းစဉ်၊ နိဒါန်းများမှအစ ဥပဒေကြမ်းတစ်ခုလုံးပါမှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြု ပြဋ္ဌာန်းချက် အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲ များအတွက် ဥပဒေကြမ်းကော်မတီနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ရှင်းလင်း ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ရာမှာ ပိုမိုရှင်းလင်းလွယ်ကူရန်အတွက် ကိုယ်စားလှယ်များကို ဖြန့်ဝေထားတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အဆိုပြုပြဋ္ဌာန်းချက်၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ပြဋ္ဌာန်းချက် ကန့်လန့်ဖြတ်ဇယားကို အသုံးပြုသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁ အမှတ်စဉ် ၁ ကို ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းအား အတည်ပြုရာတွင် အဆိုပြုပြဋ္ဌာန်းချက်၊ ပြင်ဆင်ရန် တင်ပြချက်များကို ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါသဖြင့် အချိန်ကို လေးစားသောအားဖြင့် အဆိုပြု ပြဋ္ဌာန်းချက်အား ဖတ်ကြားခြင်း၊ မိတ်ဆက်ခြင်း၊ ပဋိသန္ဓာစကား နှုတ်ဆက်ခြင်းများ မပြုတော့ဘဲ ပြင်ဆင်ရန်တင်ပြချက်များကိုသာ ဥပဒေကြမ်းကော်မတီအနေဖြင့် ပြင်ဆင်ချက်အဆိုများ တင်သွင်း သွားမှာဖြစ်ပါကြောင်း ကြိုတင်အစီရင်ခံ တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) အား ပြည်သူ့လွှတ်တော်မှ အတည်ပြုခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်နှင့်

ကိုက်ညီစေရန်လည်းကောင်း၊ အနက် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ငွေကြေးဆိုင်ရာ ဖော်ပြချက်များအား ထည့်သွင်းရန် မလိုအပ်သဖြင့်လည်း ကောင်း၊ အပိုဒ်ခွဲ(ဃ)အား နိုင်ငံသားဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူလည်း ပါဝင်သည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံသားများ ဖြင့်သာ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်ဟု ပြင်ဆင်ချက်အဆိုအား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘော တူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ ရဲ့ ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂ ဥပဒေကြမ်းကော်မတီမှ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(င) ကို ပြည်သူ့လွှတ်တော်မှ အတည်ပြုခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းပါ အချက်များနှင့် ကိုက်ညီစေရန် လည်းကောင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ငွေကြေးဆိုင်ရာ ဖော်ပြချက်များ ထည့်သွင်းရန် မလိုအပ်သဖြင့်သော်လည်းကောင်း၊ အပိုဒ်ခွဲ (င)အား နိုင်ငံခြားသားဆိုရာတွင် နိုင်ငံသားမဟုတ်သူကို ဆိုလိုသည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံခြားသားများ ပါဝင်ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်ဟု ပြင်ဆင်ချက်အဆိုအား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သိထားပြီး ဖြစ်တဲ့အတွက် သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ ရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ကို အဆိုပြုချက်ဆိုသည်မှာ ကမကထပြုသူက ဒီနေရာမှာ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်

ကိုယ်စားလှယ်များကို တင်ပြလိုပါတယ်။ ကမကထပြုသူနောက်မှာ ထပ်မံညှိနှိုင်းတဲ့ အနေအထားမှာ ပိုမိုရှင်းလင်းလွယ်ကူ အဓိပ္ပာယ် ပြည့်စုံစေရန်အတွက် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများ ဆိုတဲ့စာသားကို ထပ်မံဖြည့်စွက်ပြီး အဆိုပြုချက်ဆိုသူမှာ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက ရည်ရွယ်ထားသော ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော လျှောက်လွှာ နှင့်အတူ တင်ပြသော ပဋိညာဉ်စာချုပ်မူကြမ်း၊ ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများနှင့် ကုမ္ပဏီ ဆိုင်ရာ အထောက် အထားများကို ဆိုသည်ဟူသော ပြင်ဆင်ချက်အား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူ ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ ရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ခွင့်ပြုမိန့်ဆိုသည်တွင် အဆိုပြုချက်နှင့် စပ်လျဉ်း ၍ ကော်မရှင်၏ သဘောတူခွင့်ပြုသည့် အမိန့်ကို ဆိုသည်လို့ ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်း ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထား သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘော တူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၅ မှာ လိုင်စင်၊ တီထွင်မှု မူပိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်စသည့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းများကို တန်ဖိုးဖြတ်နိုင်သော အခွင့်အရေးလို့ ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာ့နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၆ က အသစ် ထည့်သွင်းခြင်း ဖြစ်ပြီးတော့ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတည်ငွေရင်းအဖြစ် ခွင့်ပြုထားသော အရာဝတ္ထုပစ္စည်းများလို့ ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာ့နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ အမှတ်စဉ် ၇ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၁) အပိုဒ် ၂ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ရင်းနှီးမြှုပ်နှံမှုဆိုရာတွင် နိုင်ငံတော်နယ်နိမိတ်အတွင်း ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူက ကြီးကြပ်ကွပ်ကဲသည့် ပိုင်ဆိုင်မှုပစ္စည်းအမျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည်ဆိုသည့် ပြင်ဆင်ချက်အား ဤဥပဒေ၏ အစိတ်အပိုင်းအဖြစ် အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါ သည်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ အဲဒီစာပိုဒ်မှာ ရင်းနှီးမြှုပ်နှံမှုဆိုရာတွင် နိုင်ငံတော် နယ်နိမိတ်အတွင်း ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူက ကြီးကြပ်ကွပ်ကဲသည့် ပိုင်ဆိုင်မှုဆိုတဲ့အစား ရင်းနှီးမြှုပ်နှံသူက ရင်းနှီးကြီးကြပ်ကွပ်ကဲသည့် မဟုတ်ရင် ပိုင်ဆိုင်မှုအားလုံးပါသွားမယ်။ တခြားတစ်ခုမှာ ရင်းထားတွေလည်းပါသွားမယ်။ မရင်းထားတာတွေလည်းပါလာမယ်။ ဒါကြောင့်မို့ ဒီဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူက ရင်းနှီးကြီးကြပ်ကွပ်ကဲသည်။

**ဥက္ကဋ္ဌ**။ ။ ရင်းနှီးကြီးကြပ်ကွပ်ကဲသည် ကောင်းပါပြီ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်ကွက်ရန် မရှိပါ။

**ဥက္ကဋ္ဌ**။ ။ အခြားကန့်ကွက် အဆိုပြုရန် ရှိပါသလား။ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၈ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဌ) အပိုဒ်ခွဲငယ် (၄) ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ၊ စတော့(စ်) (Stock) များနှင့် ဒီဘင်ချာစသည့် ငွေချေးသက်သေခံလက်မှတ်များ ပြင်ဆင်ချက်အား ဤဥပဒေ၏ အစိတ်အပိုင်းအဖြစ် အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၉ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဍ) မြေငှားရမ်းခွင့်ရှိ သူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူဆိုသည်မှာ နိုင်ငံတော်က သတ်မှတ်ထားသည့် မြေငှားရမ်းခကို နိုင်ငံတော်သို့ ပေးဆောင်၍ သတ်မှတ်ထားသော ကာလအပိုင်းအခြားအထိ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ရန် မြေငှားရမ်းခွင့်ရရှိသူ သို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း တစ်ရပ်ရပ် လုပ်ကိုင်ရန် မြေအသုံးပြုခွင့်ရသူကိုဆိုသည်။ ယင်းတင်ပြချက်အား ဤဥပဒေ၏ အစိတ်အပိုင်းအဖြစ် အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထား ပြောပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၁၀ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၁) အပိုဒ် ၂ ကို ဘီ.အို.တီ အင်္ဂလိပ်လို B.O.T (Build-Operate-Transfer) စနစ်ဆိုသည်မှာ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးခြင်းကို ဆိုလိုသည်လို့ အဆိုပြုထားပါတယ်။ အဆိုအတိုင်းအတည်ပြုပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၁ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၁၁ အခန်း(၁) အပိုဒ် ၂ ဘီ.အို.အို အင်္ဂလိပ်လို B.O.O(Build-Own-Operate) စနစ်ဆိုသည်မှာ တည်ဆောက်ခြင်း၊ လုပ်ငန်းရပ်များကို ပိုင်ဆိုင်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကိုဆိုသည်ဟု ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ တင်ပြထားတဲ့အတိုင်း အတည်ပြု မှတ်တမ်းတင်ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ပြင်ဆင်ပြီးဖြစ်၍ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၂ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ပြင်ဆင်ချက်ကို ၄ (တ) အနုပညာထုတ်ကုန်များနှင့်ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးဆိုတဲ့အဆိုကို အတည်ပြုပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။စာမျက်နှာ ၃ အမှတ်စဉ် ၁၃ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၁၃ အခန်း(၄) အပိုဒ် ၅ ပြင်ဆင်ချက်အဆိုမှာ ဤဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ခုခုအရဖြစ်စေ ကန့်သတ်ထားသည့် သို့မဟုတ် တားမြစ်ထားသည့် လုပ်ငန်းများမှအပ လုပ်ကိုင်ဆဲ လုပ်ငန်းဟောင်းများ အပါအဝင် မည်သည့်စီးပွားရေးလုပ်ငန်း အမျိုးအစားမဆို ရင်းနှီးမြှုပ်နှံခွင့် လျှောက်ထားလိုသည်ဟု ပြင်ဆင် အတည်ပြု ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့ သဘောထား ပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ညှိနှိုင်းပြီးဖြစ်တဲ့အတွက် သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ကန့်ကွက်အဆိုပြုရန် ရှိပါသလား။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ တည်ဆဲဥပဒေတစ်ခုခုအရလို့ သုံးနှုန်းမယ့်အစား တည်ဆဲဥပဒေတစ်ရပ်ရပ်လို့သာ သုံးနှုန်းသင့်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အဓိပ္ပာယ်ကွဲလွဲမှု မရှိတဲ့အတွက် ကျွန်တော်တို့ လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီနှင့် ဦးကျော်နိုင်ဌေး၊ အင်းတော်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၄ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၅) အပိုဒ် ၈ အပိုဒ်ခွဲ (ဂ) ပြင်ဆင်ချက် အဆိုမှာ နိုင်ငံတော်နှင့်နိုင်ငံသားတို့အကြား ရင်းနှီးမြှုပ်နှံမှုစာချုပ် ချုပ်ဆိုရာတွင် ဘီ.အို.တီ၊ ဘီ.အို.အို စနစ် စသည်တို့ဖြင့် ဆောင်ရွက်ခြင်းဟု အတည်ပြုပေးနိုင်ရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထား ပြောပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၅ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၅) အပိုဒ် ၈ အပိုဒ်ခွဲ(ဃ) ပြင်ဆင်ချက်အဆိုမှာ လုပ်ငန်းဆိုင်ရာပဋိညာဉ်စာချုပ်ပါ ဥပဒေနှင့်ညီညွတ်သော စနစ်တစ်ခုခုဖြင့် ဆောင်ရွက်ခြင်းဟု ပြင်ဆင်အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၆ ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးငွန်မောင်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၁၆ အခန်း(၅) အပိုဒ် ၉ ဥပဒေရဲ့ပြင်ဆင်ချက်မှာ အပိုဒ်ခွဲ (ခ) ပုဒ်မခွဲ(က)အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရာတွင် ပဋိညာဉ်စာချုပ်ပါ သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်စဲခွင့်ရရှိ၍ဖြစ်စေ၊ လုပ်ငန်းပြီးဆုံး၍ဖြစ်စေ၊

စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်လို့ပြင်ဆင်ထားပါသဖြင့် အတည်ပြုပေးနိုင်ပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ညှိနှိုင်းထားပြီးဖြစ်တဲ့အတွက်သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၇ ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးငွန်မောင်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၁၇ အခန်း(၆) အပိုဒ် ၁၀ ဥပဒေရဲ့ပြင်ဆင်ချက်မှာ အပိုဒ် ၁၀ အပိုဒ်ခွဲ(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် (၁) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် စီးပွားရေးနယ်ပယ်အသီးသီးရှိ ကျွမ်းကျင်သူများထဲမှ သင့်လျော်သောပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားပါသဖြင့် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ အမှတ်စဉ် ၁၇ ရဲ့အစိတ်အပိုင်းဖြစ်တဲ့ အခန်း(၆) အပိုဒ် ၁၀ နဲ့ ပတ်သက်လို့ဥပဒေကြမ်းကော်မတီကဘာများရှင်းလင်းပြောကြားရန်ရှိပါသလဲ။

**ဦးငွန်မောင်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အပိုဒ် ၁၀ (ခ)ကို အပိုဒ် ၁၀(က)(၂) ဆိုပြီးတော့ပြင်ဆင်ထားပါတယ်။ စာသားကတော့ မူလပြဋ္ဌာန်းချက်အတိုင်းပဲဖြစ်ပါတယ်ခင်ဗျား။ အတည်ပြုပေးနိုင်ပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အထွေအထူးဆန္ဒမေးစရာမရှိပါဘူး။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၈ ဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ အခန်း(၆) အပိုဒ် ၁၀ အပိုဒ်ခွဲ (ခ) အနေနဲ့ အသစ်ဖြည့်စွက်လိုတဲ့ အဆိုပြုချက်ကတော့ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ခွင့်ပြုသော ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်ဟုဖြည့်စွက်လိုပါတယ်။ အတည်ပြုပေးပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဒေါက်တာစိုးရင်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၉ ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးငွန်မောင်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၁၉ အခန်း(၇) အပိုဒ် ၁၁ ပြင်ဆင်ချက်မှာ (က)အဆိုပြုချက်များကိုစိစစ်ရာတွင် အမျိုးသားလုံခြုံရေးကို ထိပါးနိုင်မှု၊ ငွေရေးကြေးရေးယုံကြည်စိတ်ချမှု၊ လုပ်ငန်း၏စီးပွားရေးတွက်ခြေကိုက်မှု၊ စက်မှုနည်းပညာဆီလျော်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုစသည့်အချက်အလက်များကို သုံးသပ်ခြင်းဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ ယင်းပြင်ဆင်ချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၀ ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၇) အပိုဒ် ၁၁ အပိုဒ်ခွဲငယ် (ဃ) နဲ့ပတ်သက်ပြီးတော့ ဝါကျအစမှာ နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သောဆိုတာဖြည့်ပါတယ်။ BOO ဆိုတဲ့အင်္ဂလိပ်အစား မြန်မာလို ဘီ.အို.အို ပြင်ရေးပါတယ်။ ဒါကြောင့်ပြင်ဆင်ချက်အရှည်ကတော့ (ဃ) နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော နိုင်ငံသားတို့၏ အဆိုပြုချက်များကို ဘီ.အို.အို စနစ်ပေါ်တွင် အခြေခံစဉ်းစားဆောင်ရွက်ခြင်းဆိုပြီးတော့ ပြင်ဆင်ချက်ကို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးတော့မကြီးပါဘူး။ မြန်မာစာလုံးနေရာမှာ ဘီအိုအို လို့မြန်မာလို့ရေးတဲ့အခါမှာ အင်္ဂလိပ်လို့ (dot) တွေပါနေတာ ဘီ.အို.အို.လို့ပုံစံ ဖြစ်နေပါတယ်။ စာတိုင်အမှတ်စဉ် ၁၀၊၁၁၊ ၂၀၊၁၄၊ ၃၇ မှာအလယ်က (dot) တွေ ဖျက်ပေးရင်ပိုကောင်း မှာပါ။ မြန်မာစာလုံးမှာ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ပတ်သက်လို့ ဥပဒေကြမ်းကော်မတီက မှတ်ချက်အဖြစ်ဆောင်ရွက်ထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးခိုင်မောင်ရည်တင်ပြချက်ကိုလည်း ဒါအကျုံးဝင်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် မှတ်ချက်အတိုင်းဆုံးဖြတ်ပြီးတဲ့အခါမှာ ပြင်ဆင်ချက်များကိုဆက်လက် ပြင်ဆင်ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီနှင့် ဦးခိုင်မောင်ရည်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၁ ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၇) အပိုဒ် ၁၁ အပိုဒ်ခွဲငယ် (င) လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ခြောက်လ တစ်ကြိမ်တင်ပြအစီရင်ခံခြင်း ဆိုတဲ့ပြင်ဆင်ချက်ကို လက်ခံပေးပါရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ပြင်ဆင်ရန်ရှိပါသလား။ ကန့်ကွက်ပြင်ဆင်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၂ ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၇) အပိုဒ် ၁၁ အပိုဒ်ခွဲငယ် (ဆ)၌ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစား၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးပမာဏနှင့် လုပ်ငန်း သက်တမ်းတို့ကို သတ်မှတ်ခြင်းနှင့် ပြောင်းလဲသတ်မှတ်ခြင်းဆိုပြီး ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ချက် အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူ ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၃ ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း အမှတ်စဉ် ၂၃ အခန်း(၆) အပိုဒ် ၁၁ အပိုဒ်ခွဲ(ဈ) အားအောက်ပါအတိုင်း ပြင်ဆင် အဆိုပြုတင်သွင်းလိုပါတယ်။ မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသောမြေ၏ မြေပေါ်မြေ အောက်၌ ခွင့်ပြုသည့်လုပ်ငန်းနှင့် မသက်ဆိုင်ဘဲ မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်း၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိလျှင် ကော်မရှင်က ချက်ချင်းသိရှိရန်နှင့် အရေးယူနိုင်ရန် စီမံဆောင်ရွက်ခြင်းဟူသော ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူ ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅ အမှတ်စဉ် ၂၄ ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂၄ အခန်း(၇) အပိုဒ် ၁၁ အပိုဒ်ခွဲ (ည)အား အောက်ပါအတိုင်း ပြင်ဆင်အဆိုပြုတင်သွင်းလိုပါတယ်။ စီးပွားရေးလုပ်ငန်းကို အဆိုပြုချက်နှင့်အညီ အောင်မြင်စွာဆောင်ရွက်ရန်အတွက် ပြည်တွင်း၊ ပြည်ပဘဏ်ချေးငွေများကို ရယူနိုင်ရန်အလို့ငှာ ကော်မရှင်မှ ထောက်ခံချက်များထုတ်ပေးခြင်းဟူသော ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်မှအတည်ပြုပေးပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၅ ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂၅ အခန်း(၇) အပိုဒ် ၁၁ အပိုဒ်ခွဲ(ည)၏ အောက်တွင် ယခင်မူလအခန်း (၁၃) ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးရန် မလိုသော လုပ်ငန်းစဉ်များအပိုဒ် ၂၅ အား ပယ်ဖျက်၍ အထက်ခေါင်းစဉ်နှင့်လျော်ညီရန် ပြောင်းရွှေ့ အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ အဆိုမှာ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးရန်မလိုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ပေးခြင်းဟူသော အသစ်ဖြည့်စွက်အဆိုပြုချက်အား လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၆ ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း (၇) အပိုဒ် ၁၁ ဖြစ်ပါတယ်။ အပိုဒ် ၁၁ ခွင့်ပြုမိန့်ဖြင့်လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အလုပ်လုပ်ကိုင်သည့်နိုင်ငံခြားသားများသည် နိုင်ငံတော်က ထုတ်ပေးသော အလုပ်လုပ်ခွင့်လက်မှတ်၊ ပြည်တွင်း

နေထိုင်ခွင့် လက်မှတ်ရရှိရေးအတွက် ကော်မရှင်က ကူညီဆောင်ရွက်ပေးရမည်။ ဒီအချက်ဟာ မူလအခန်း(၁၁)မှ အပိုဒ် ၂၃ အားခေါင်းစဉ်နှင့်ဆီလျော်အောင် ရွှေ့ပြောင်းပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်အဆိုအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သုရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ စီးပွားရေးလုပ်ငန်းကို အဆိုပြုချက်နှင့်အညီ အောင်မြင်စွာဆောင်ရွက်ရန်အတွက် ပြည်တွင်းပြည်ပဘဏ်ချေးငွေများ ရယူနိုင်ရန်အလို့ငှာ ကော်မရှင်မှထောက်ခံချက်ဆိုတာ ကော်မရှင်မှ လုပ်ငန်းဆောင်ရွက်ကြောင်းထောက်ခံချက်၊ ရိုးသားကြောင်းထောက်ခံချက်ရှိပါတယ်။ ချေးငွေကိုပြန်ဆပ်မယ်ဆိုတဲ့ ထောက်ခံချက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကတော့ လုပ်ငန်းဆောင်ရွက်ကြောင်းထောက်ခံချက်ပဲ ထုတ်ပေးမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကော်မရှင်ကလား။ ကော်မရှင်မှလား။

**သုရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ကော်မရှင်က လုပ်ငန်းဆောင်ရွက်ကြောင်း ထောက်ခံချက်များထုတ်ပေးခြင်း။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အမှတ်စဉ် ၂၄ ပြန်ကြည့်ပါ။ အခု ပြည်ထောင်စုဝန်ကြီးရဲ့ ဖြည့်စွက်ချက်ကို ဥပဒေကြမ်းကော်မတီကသဘောတူပါသလားခင်ဗျား။

**ဦးစောလှထွန်း (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။သဘောတူတဲ့အတွက် အမှတ်စဉ် ၂၄ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နဲ့ ပြည်ထောင်စုအစိုးရရဲ့ ဖြည့်စွက်ချက်ကို ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီနဲ့ ပြည်ထောင်စုအစိုးရရဲ့ ဖြည့်စွက်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၇ ဦးဝင်းထိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းထိန်(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ ဒီအပိုဒ်ကတော့ အပိုဒ် ၇ အတွက်အသစ်ဖြည့်ထားတာပါ။ ညှိလည်းညှိပြီးပါပြီ။ ဖြည့်စွက်ရန်တင်ပြချက်ကတော့ ဤဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရန် ကော်မရှင်က တာဝန်ခံရမည်ဆိုပြီးတော့ ထည့်ပေးထားတာ အတည်ပြုဖို့ တင်ပြပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဦးဝင်းထိန်၊ မိတ္ထီလာမဲဆန္ဒနယ်ရဲ့အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၈ ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂၈ အခန်း (၇) အပိုဒ် ၁၂ ပြင်ဆင်ချက်အဆိုမှာ သက်ဆိုင်ရာတို့က လျှောက်ထားလျှင် ပဋိညာဉ်စာချုပ်ပါ သက်တမ်း သို့မဟုတ် သဘောတူညီချက်ကို တိုးမြှင့်ရန်ဖြစ်စေ၊ လျှော့ပေါ့ရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ လိုအပ်ပါက ဤဥပဒေနှင့်အညီ ခွင့်ပြုခြင်းဟုပြင်ဆင်ထားပါတယ်။ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆ အမှတ်စဉ် ၂၉ ဥပဒေကြမ်းကော်မတီကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂၉ အခန်း(၇) အပိုဒ် ၁၂ အဆိုပြုချက်မှာ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူထံမှ လိုအပ်သည့်အချက်အလက်အထောက်အထားများကို တင်ပြရန် တောင်းဆိုခြင်းဟု အဆိုပြုပြင်ဆင်ထားပါတယ်။ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၀ ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၃၀ အခန်း(၇) အပိုဒ် ၁၂ အဆိုပြုပြင်ဆင်ချက်မှာ ရင်းနှီးမြှုပ်နှံသူကခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော အဆိုပြုချက် သို့မဟုတ် ခွင့်ပြုမိန့်ပါစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း ခိုင်လုံသော အထောက်အထားများပေါ်ပေါက်လျှင် လုပ်ငန်းကို ဆိုင်းငံ့ထားသည်အထိ အမိန့်တစ်စုံတစ်ရာချမှတ် ခြင်းဟူ၍ ဖြစ်ပါတယ်။ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ဒီစာပိုဒ် ကို ပိုပြီးတော့ ပြည့်စုံသွားအောင် ထပ်ပြီးတော့ ဖြည့်စွက်လိုပါတယ်။ ရင်းနှီးမြှုပ်နှံသူက ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော အဆိုပြုချက် ဒီအထိက မူလအတိုင်းပါပဲ။ အဲဒီမှာ ထပ်ဖြည့်မှာက အဆိုပြုချက်တွင် အချက်အလက်များကို မမှန်မကန် ရေးသွင်းဖော်ပြထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက် အဲဒီအထိက အမှန်ပါပဲ။ ခြင်းမရှိကြောင်းကို ဖျက်ပါ မယ်။ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်းတို့ကို ခိုင်လုံသော အထောက်အထားများ တွေ့ရှိပါက လုပ်ငန်းကို ဆိုင်းငံ့ထားသည်အထိ အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်း။

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ကြိမ်ပြန်ပြီးတော့ ဖတ်ကြားပေးပါ။ မှတ်တမ်းတင်အဖွဲ့လည်း သေချာမှတ်ထားပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ရင်းနှီးမြှုပ်နှံ သူက ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော အဆိုပြုချက်တွင် အချက်အလက်များကို မမှန်မကန် ရေးသွင်းဖော်ပြထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန်ပျက်ကွက်ခြင်းတို့ကို ခိုင်လုံသော အထောက်အထားများတွေ့ရှိပါက လုပ်ငန်းကို ဆိုင်းငံ့ထားသည်အထိ အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်း။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ပိုမိုပြည့်စုံအောင် ကျွန်တော့်အနေနဲ့ ထပ်မံပြီးတော့ ဖတ်ပြပါဦးမယ်။ ရင်းနှီးမြှုပ်နှံသူက ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော အဆိုပြုချက်တွင် အချက်အလက်များကို မမှန်မကန် ရေးသွင်းဖော်ပြထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်းတို့ကို ခိုင်လုံသော အထောက်

အထားများ ပေါ်ပေါက်လျှင် လုပ်ငန်းကို ဆိုင်းငံ့ထားသည့်အထိ အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကို ဥပဒေကြမ်းကော်မတီအနေနဲ့ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လွဲသွားပါတယ်။ ဝန်ကြီးပြောသွားတာက ခိုင်လုံသောအထောက်အထားများ တွေ့ရှိပါကလို့ပြောပါတယ်။ ဟိုဘက်က ပေါ်ပေါက်လျှင်ဆိုတာ ပြောသွားပါတယ်။ ဝန်ကြီးက ပေါ်ပေါက်လျှင်ကိုဖျက်ပြီး တွေ့ရှိပါကလို့ ပြင်သွားပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ အဲဒီအတိုင်း သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တွေ့ရှိပါကအတိုင်း သဘောတူတယ်ဆိုတဲ့အတွက် ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ မရှိလျှင် ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုအစိုးရရဲ့ ဖြည့်စွက်ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ ။** **။**အမှတ်စဥ် ၃၁ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဥ် ၃၁ အခန်း(၇) အပိုဒ် ၁၃ ပြင်ဆင်ချက်အဆိုမှာ ကော်မရှင်သည်မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကော်မတီများနှင့်အဖွဲ့ငယ်များကို လိုအပ်သလိုဖွဲ့စည်းနိုင်သည်ဟူ၍ ဖြစ်ပါတယ်။ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ ။** **။**ပြည်ထောင်စုအစိုးရရဲ့ သဘောထား သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ **။** ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဥ် ၃၂ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဥ် ၃၂ အခန်း (၈) အပိုဒ် ၁၅ ပြင်ဆင်အဆိုပြုချက်မှာ ဤဥပဒေပါပြဋ္ဌာန်းချက်၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဥ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် ခွင့်ပြုမိန့်တို့ပါ စည်းကမ်းချက်များကို လိုက်နာခြင်း ဖြစ်ပါတယ်။ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၃၃ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဥ် ၃၃ အခန်း(၈) အပိုဒ် ၁၅ အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ မူလအခန်း (၉) အပိုဒ် ၁၉ အားပြင်ဆင်၍ အခန်းခေါင်းစဥ်နှင့် ဆီလျော်စေရန်ပြောင်းရွှေ့ခြင်း ဖြစ်ပါတယ်။ အပိုဒ်ခွဲ(ဂ)အနေနဲ့ ပြင်ဆင်ချက်အဆိုမှာ ကော်မရှင်က ထုတ်ပေးသောခွင့်ပြုမိန့်ကို ရရှိပါက သက်ဆိုင်ရာအစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အဖွဲ့အစည်းနှင့်လိုအပ်သော ပဋိညာဥ်စာချုပ်ချုပ်ဆို၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတည်ဆောက်ခြင်းကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါ့မယ်။

**အချိန်၊ ၁၂း ၂၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ခန်းမအတွင်းမှပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါသည်။ ]**

**အချိန်၊ ၁၃း၄၅ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်အဆိုပြုချက်များကို ဆက်လက်ဆောင်ရွက်ပါ့မယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၇ အမှတ်စဉ် ၃၄ ဥပဒေကြမ်းကော်မတီအား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၃၄ အခန်း (၇) အပိုဒ် ၁၅ မူလပြဋ္ဌာန်းချက်တွင် ရတနာသိုက်ဆိုသော စကားလုံးအားဖြည့်စွက်ပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြစ်သော (င) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသောမြေ၏ မြေပေါ် မြေအောက်၌ ခွင့်ပြုသည့်လုပ်ငန်းနှင့် မသက်ဆိုင်ပဲ မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်း၊ ရတနာသိုက်ကို ဖြစ်စေတွေ့ရှိလျှင် ကော်မရှင်သို့ ချက်ချင်းအကြောင်းကြားခြင်း၊ ကော်မရှင်က ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်ခြင်း၊ ခွင့်ပြုချက်မရလျှင် အစားထိုးစီစဉ်ပေးသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ခြင်းဟု အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၅ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၃၅ မူလအဆိုပြု ချက်တွင် ပျက်စီးမှုဟူသည့် စကားရပ်ကို ဖြည့်စွက်၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်ချက်ဖြစ်သော (စ) ရင်းနှီးမြုပ်နှံမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှု မဖြစ်စေရန် ဆောင်ရွက်ခြင်း ဟုအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင် (အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘော တူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။

**(ကိုယ်စားလှယ်တစ်ဦး)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၃၆ အခန်း(၈) အပိုဒ် ၁၅ (စ)မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှု ပျက်စီးမှုရဲ့နောက်မှာ ဆူညံမှုပါထည့် ချင်ပါတယ်။ ဆူညံမှုဒ မဖြစ်စေရန်ဆောင်ရွက်ခြင်း အတည် ပြုပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထား ပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဤဥပဒေဟာ ကျွန်တော်တို့ နိုင်ငံသားရင်းနှီးမြုပ်နှံမှုလုပ်ငန်းနဲ့ပတ်သက်တဲ့ ဥပဒေဖြစ်ပါတယ်။ ပျက်စီးမှု၊ ဆူညံမှုဆိုတာကတော့ ဒီဥပဒေနဲ့သိပ်ပြီးတော့ မသက်ဆိုင်ဘူးလို့ ယူဆပါတယ်။ သို့သော်လည်း ဒီပေါ်မှာတော့ ပြင်ဆင်ချက် အဆိုတင်သွင်းထားခြင်းမရှိတဲ့အတွက် သက်ဆိုင်ရာ ဥပဒေကြမ်းတင်သွင်းတဲ့ကော်မတီနဲ့လည်း ညှိနှိုင်း ဆောင်ရွက်ပြီးမှသာ အတည်ပြုနိုင်မှာလို့ ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ဆူညံမှုဆို တာကတော့ စက်ရုံဘာညာဆိုရင် ဆူညံမှုရှိမှာပါပဲ နောက်ကားသွားတာ ဘာညာဆူညံမှုရှိမှာပဲ။ အဲတော့ အတိုင်းအတာတစ်ခု ကျွန်တော်တို့ပေးဖို့ လိုပါတယ်။ တခြားနိုင်ငံမှာဆိုရင် Decimal နဲ့ပေးပါ တယ်။ အဲဒါတွေနဲ့ပတ်သတ်ပြီးတော့ မြို့ပြဥပဒေမှာ သတ်သတ်ရှိပါတယ်။ ကားတွေရဲ့ဆူညံမှု အတိုင်းအတာဟာ ဘယ်လောက်ထက်မပိုရဘူး။ စက်ရုံတွေရဲ့ အတိုင်းအတာဟာ ဘယ်လောက်ထက် မပိုရဘူး။ ဥပမာ ဆိုင်တွေကစပြီးတော့ Loud speaker ဖွင့်တာ ဘယ်လောက်ထက်မပိုရဘူး။ အဲတော့ မြို့ပြဥပဒေမှာ သတ်သတ်ပါပါလိမ့်မယ်လို့ ယူဆပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဆူညံမှုဆိုတဲ့ စကားလုံး ထည့်ဖို့မလိုဘူး။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ မလိုဘူးလို့ ကျွန်တော်တို့ မြင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အခြားတင်ပြ ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီနဲ့ အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်အရ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၆ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။အမှတ်စဉ် ၃၆ အခန်း(၈) အပိုဒ် ၁၅ အပိုဒ်ခွဲငယ် (စ)ရဲ့နောက်မှာ မူလ အခန်း(၁၀)၏ ခေါင်းစဉ်အား ပယ်ဖျက်၍ မူလအပိုဒ် ၂၁အား ခေါင်းစဉ်နဲ့ ညီညွတ်စေရန်အတွက် ပြောင်းရွှေ့ဖြည့်စွက်ရန် တင်ပြခြင်းဖြစ်ပါတယ်။ အဆိုမှာ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခု တွင် သတ်မှတ်သော အာမခံအမျိုးအစားများကို ထားရှိခြင်းဟူသော ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၇ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။အမှတ်စဉ် ၃၇ အခန်း (၈) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဆ)အား ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၅၀ ပြဋ္ဌာန်းချက်ရှိ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်ဟူသော ပြဋ္ဌာန်းချက်နှင့် ညီညွတ်စေရန်အတွက် မူလပြဋ္ဌာန်းချက် အစား နိုင်ငံတော်နှင့် စာချုပ်ချုပ်ဆိုမည့် လုပ်ငန်းများတွင် လုပ်ငန်းသဘောသဘာဝအရ B.O.O စနစ်ဖြင့် အဆိုပြုခွင့်ရှိခြင်းဟူသော ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ဒါနဲ့ပတ်သက်ပြီးတော့ တော်တော် ကျယ်ဝန်းပါတယ်။ ကျယ်ဝန်းတဲ့အတွက်ကြောင့် ဒီဟာတွေနဲ့ပတ်သက်ပြီးတော့ နည်းဥပဒေမှာ ထည့်ပါ့မယ်။ အခုစာသားအတိုင်းသာဆိုရင်တော့ ညှိနှိုင်းပြီးဖြစ်တဲ့အတွက် ကန့်ကွက်ရန် မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။စာသားကတော့ နိုင်ငံတော်နှင့် စာချုပ်ချုပ်ဆိုရမည့်လုပ်ငန်းများတွင် လုပ်ငန်းသဘောသဘာဝအရ B.O.O စနစ်ဖြင့် အဆိုပြုခွင့်ရှိခြင်း ဒါတော့ ဥပဒေမှာ ဒီတိုင်းပါပြီးတော့ အခြားလိုအပ်တဲ့ကိစ္စက နည်းဥပဒေမှာထည့်မယ် ဒီအတွက် သဘောတူတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၈ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၃၈ အခန်း (၈) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဖ)အား အောက်ပါအတိုင်း ပြင်ဆင်အဆိုတင်သွင်း လိုပါတယ်။ မူလအဆိုပြုချက်ပါ ရင်းနှီးမြှုပ်နှံမှုမှလုပ်ငန်းအား တိုးချဲ့ခြင်း သို့မဟုတ် မတည်ငွေရင်းတိုးမြှင့်ခြင်းများအား ကော်မရှင်၏ ခွင့်ပြုချက်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်းဟူသော ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထား ပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ လက်ရှိလည်းကျင့်သုံးနေတဲ့မူဖြစ်တဲ့အတွက် သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၈ အမှတ်စဉ် ၃၉ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၃၉ အခန်း(၈)အပိုဒ် ၁၅ အပိုဒ်ခွဲ(ည)အား အောက်ပါအတိုင်း ပြင်ဆင်အဆိုပြုလိုပါတယ်။ တည်ဆဲဥပဒေနှင့်အညီ အကျိုးခံစားခွင့်များရရှိရေးအတွက်လည်းကောင်း၊ နစ်နာချက်များနှင့်စပ်လျဉ်း၍ အရေးယူပေးရန်

အတွက်လည်းကောင်း ကော်မရှင်နှင့် သက်ဆိုင်ရာအစိုးရဌာန အစိုးရအဖွဲ့အစည်းသို့ တင်ပြခွင့်ရှိခြင်း ဟူသော ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်မှ အတည်ပြုပေးပါရန် ရိုသေစွာ အဆိုတင်သွင်း အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရ အဖွဲ့ရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူ ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၀ ဥပဒေကြမ်း ကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၄၀ အခန်း(၈) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဌ) နိုင်ငံတော်တဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးပြီး ဆက်သွယ်သွားလာရေးခက်ခဲသော ဒေသများ၊ သဘာဝဘေးဒဏ်ခံရသော ဒေသများရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ကော်မရှင်က ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် အခန်း (၁၁) ပါ အခွန်ကင်းလွတ်ခွင့်ကာလနှင့် သက်သာခွင့်ကာလများထက် ပိုမို၍ သတ်မှတ်ပေးသည်ကို ရခွင့်ရှိခြင်းပြင်ဆင်ချက်အဆိုအား လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရ အဖွဲ့ရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူ ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၁ ဥပဒေကြမ်းကော်မတီကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၄၁ အခန်း (၈) အပိုဒ် ၁၆ အပိုဒ်ခွဲ (ဍ) ကော်မရှင်၏ ထောက်ခံချက် အတည်ပြုချက်များဖြင့် ပြည်တွင်းပြည်ပ ဘဏ်ချေးငွေများ ရယူနိုင်ရန်အလို့ငှာ လျှောက်ထားရယူခွင့်ရှိခြင်း ပြင်ဆင်ချက်အဆိုအား လွှတ်တော် က အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထား သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ဒါနှင့် ပတ်သက်ပြီးတော့ အနည်းငယ်ထပ်ဖြည့်ချင်ပါတယ်။ ကော်မရှင်၏ ထောက်ခံချက်ဆိုတာ အကျင့်စာရိတ္တကောင်းကြောင်း ထောက်ခံချက်လား၊ လုပ်ငန်းလုပ်နေလို့ ထောက်ခံချက်လား၊ သူဟာ ငွေကြေးကို ပြန်ဆပ်နိုင်ပါတယ်လို့ ထောက်ခံရမှာလားပါပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဖြစ်သင့်တာကတော့ ကော်မရှင်၏လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း ထောက်ခံချက်ဆိုရင် ကောင်းပါတယ်။ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း ထောက်ခံချက်၊ အတည်ပြုချက်များဖြင့် ပြည်တွင်းပြည်ပ ဘဏ်ချေးငွေများ ရယူနိုင်ရန်အလို့ငှာ လျှောက်ထားရယူခြင်း။

**ဥက္ကဋ္ဌ**။ ။ ဒါနှင့်ပတ်သက်လို့ ဥပဒေကြမ်းကော်မတီရဲ့ သဘောထား ပြောပေးပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကော်မရှင်သည် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း ထောက်ခံချက်၊ အတည်ပြုချက်များဖြင့် ပြည်တွင်း ပြည်ပဘဏ်ချေးငွေများ ရယူနိုင်ရန် အလို့ငှာ လျှောက်ထားရယူခွင့်ရှိခြင်းဆိုပြီးတော့ ကော်မရှင်၏ဆိုလို့ရှိရင် ပိုပြီးတော့ ပြည့်စုံမယ်လို့ ထင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကော်မရှင်၏ ဆိုတော့ မြန်မာဝါကျကတော့ ကော်မရှင်၏က ပိုပြီးတော့ သင့်ပါတယ်။ ဒီနေရာမှာ အဓိပ္ပာယ်က လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုအစိုးရအနေနဲ့ လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း ဦးသောင်းလွင် ခင်ဗျား။ လုပ်ငန်းဆောင်ရွက်လျက်ရှိမှပဲ ဘဏ်မှ ငွေချေးမှာ ဖြစ်တာလား သို့မဟုတ်လို့ရှိရင် အခြားနိုင်ငံတကာကျင့်စဉ်များအရ လုပ်ငန်းဆောင်ရွက်လျက်ဆိုတာ ဆောင်ရွက်မည်ဖြစ်ကြောင်း သို့မဟုတ်လို့ရှိရင် ဆောင်ရွက်မယ်ဆိုတာသိလို့ ထောက်ခံတဲ့အခါမှာ ဘဏ်ချေးငွေကို နိုင်ငံတကာမှာ ပေးတာလား။ ဒါကျွန်တော်တို့ မသိပါဘူး။ တကယ် International က ဘယ်လိုများ ရှိပါသလဲ။ လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းဆိုတာ လုပ်ငန်းစပြီးတော့ ဆောင်ရွက်နေမှ ငွေချေးပေးမယ်ဆိုတဲ့ သဘောဖြစ်တယ်။ အဲဒီလိုမဟုတ်ဘဲနှင့် လုပ်ငန်းဆောင်ရွက်မှာ သေချာတယ်ဆိုလို့ရှိရင် ငွေချေးပေးမှာဖြစ်တယ်ဆိုရင် တစ်ခုနှင့်တစ်ခုကတော့ အတိအကျ ထပ်တူထပ်မျှမဖြစ်ဘူး။ ဒါကြောင့်မို့လို့ လုပ်ငန်းဆောင်ရွက်မှပဲ ငွေချေးတာလား၊ လုပ်ငန်းဆောင်ရွက်မှာကို သေချာစွာသိတဲ့အချိန်မှာ ငွေချေးပေးဖို့လိုတာလား။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါနှင့်ပတ်သက်ပြီးတော့ တင်ပြရရင် ဒီကော်မရှင်တွေက သာမန်အားဖြင့် ဒီလိုခွင့်ပြုချက်

မပေးပါဘူး။ သူဘာသာသူ လုပ်ငန်းပိုင်ရှင်များက ဘဏ်ကိုလျှောက်တာ၊ ဘဏ်တွေကနေပြီးတော့ အကြောင်းအမျိုးမျိုးကြောင့် ယုံကြည်တယ်။ ဘဏ်က ဒါရိုက်တာတွေက ယုံကြည်တယ်ဆိုရင် သူက ချေးတာဖြစ်ပါတယ်။ သူတို့ သာမန်အားဖြင့် တခြားနိုင်ငံတွေမှာ၊ အာဆီယံ ၁၀ နိုင်ငံတွေမှာ လိုက်ကြည့်တဲ့အခါကျတော့ ကော်မရှင်ကနေပြီးတော့မှ ထောက်ခံချက်တွေမပေးပါဘူး။ ဘာကြောင့်လဲ ဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာကျတော့၊ ကျယ်ပြန့်တဲ့အခါကျတော့ ကော်မရှင်လည်း သေချာ အတိအကျမသိနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆောင်ရွက်တာကတော့ သက်ဆိုင်ရာဇုန် လုပ်ငန်း ဥပမာ ဆိုလို့ရှိရင် ထိုင်းနိုင်ငံမှာဆိုရင် ဒီ Industry Esteem Authority of Colnel ပြီးရင် ဘာကို ချဉ်းကပ်ရလဲဆိုရင် ဘဏ်က ဒါရိုက်တာတွေနဲ့ ချဉ်းကပ်ရပါတယ်။ ဒါရိုက်တာတွေက ယုံကြည်တယ်ဆိုရင် ချေးပါတယ်။ နောက်တစ်ခုက အထူးအားဖြင့်ဆိုလို့ရှိရင် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုပြီး သီးခြားဘဏ်တွေ ရှိပါတယ်။ အဲဒီဘဏ်တွေကို တင်ပါတယ်။ ဘဏ်တွေမှာ လုပ်ငန်းကိုတင်တဲ့အခါကျတော့ သူ့ရဲ့လူပေါ်မှာမူတည်ပြီးတော့ ဒါဒီလုပ်ငန်းကို အောင်မြင်စွာ လုပ်ကိုင်နိုင်ချေရှိတယ်လို့ ယူဆရင် Collectral မလိုဘဲနှင့် ငွေချေးတာတွေရှိပါတယ်။ အဓိကကတော့ ဘဏ်လုပ်ငန်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့က ပေးမယ် ဆိုရင်တော့ ဘဏ်လုပ်မယ်ဆိုရင်တော့ လုပ်နေလား၊ မလုပ်နေဘူးလားမသိဘူး။ သူဟာ လုပ်နေတယ်။ သူဟာ တိုးချဲ့ဖို့ရှိတယ်ဆိုရင် ကျွန်တော်တို့က ရဲရဲဝံ့ဝံ့ထောက်ခံရဲပါတယ်။ ဒါတွေကတော့ ဘဏ်တွေက သူ့ဟာနှင့်သူ အသေးစိတ်လူရှိပါတယ်။ အဲဒီလူနှင့်ပြန်ပြီးတော့ စစ်ဆေးပါတယ်။ စစ်ဆေးပြီးတော့မှ ပေးတာဖြစ်ပါတယ်။ ဘဏ်လူကြီးတွေကလည်း သူတို့ထောက်ခံထားတဲ့သူရှုံးရင် သူတို့ပဲ တာဝန်ယူ ရပါတယ်။ ဒါလေးကို ရှင်းလင်း တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့စပြီးတော့ ရေးဆွဲတဲ့ဥပဒေကြမ်းကော်မတီရဲ့ သဘောထား သိလိုပါတယ်။

**ဦးမောင်မောင်သိမ်း(ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ကျွန်တော်တို့ ကော်မတီအနေနဲ့ ဒီဥပဒေအပိုဒ်ကို စပြီးပြုစုကတည်းက နိုင်ငံသားတွေနှင့် နိုင်ငံခြားသား တွေနဲ့ တန်းတူရည်တူယှဉ်ပြိုင်နိုင်ဖို့ရာအတွက်ကို ရည်ရွယ်ခဲ့ပါတယ်။ နိုင်ငံခြားသားအနေနဲ့ကတော့ ဘဏ်နဲ့ပတ်သက်ပြီးတော့ နိုင်ငံခြားက ချေးငွေရမှာ သေချာပါတယ်။ ကျွန်တော်တို့ နိုင်ငံသားကတော့ မရနိုင်ဘူး။ မရနိုင်တဲ့အတွက်ကြောင့်မို့လို့ အခုနိုင်ငံခြားဘဏ်တွေလည်း ပြည်တွင်းမှာလာပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပြီးတော့ ဘဏ်တွေဖွင့်လာတဲ့ အခါကျရင် ဒီအခွင့်အရေးတန်းတူရနိုင်ဖို့ရာအတွက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့သာ ထောက်ခံချက်ထုတ်ပေးပါလို့ တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုရည်ရွယ်ချက်နှင့် ဒီအပိုဒ်နှင့် ဒီဥပဒေကို ပြုစုခဲ့တာပါ။ ဒါက နှောင်ကြိုးမပါပါဘူး။ အလုပ်လုပ်နေတယ်ဆိုတဲ့ ထောက်ခံချက်ပေးလည်း ဖြစ်နိုင်ပါတယ်။ လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဘဏ္ဍာအခွန်ဝန်ကြီးဌာနက ဒေါက်တာလင်းအောင်ရော ဘာများပြောစရာ ရှိပါသလဲ။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့သဘောထားအနေနဲ့လည်း ခုန ဒုတိယဝန်ကြီး ဦးသောင်းလွင် တင်ပြသွားသလိုပါပဲ။ ဘဏ်မှာ ငွေချေးတယ်ဆိုတာလည်း ဘဏ်က သူ့စည်းမျဉ်းစည်းကမ်းနှင့် သူ့ယုံကြည်မှုနှင့် ချေးတာဖြစ်တဲ့အတွက် ကော်မရှင်က ထောက်ခံချက်ဆိုတာလည်း အချက်အလက်တစ်ခုအနေနဲ့ လုပ်ငန်းလုပ်ကိုင်တဲ့အတွက် အချက်အလက်လေးတွေ သိရှိဖို့အတွက်လောက်ပဲ ဖြစ်ပါတယ်။ ချေးတယ်၊ မချေးဘူးဆိုတာကတော့ သူရဲ့ ပြည်တွင်း ဘဏ်ဖြစ်စေ၊ ပြည်ပဘဏ်ဖြစ်စေ စစ်ဆေးပြီးတော့မှ အမှန်တကယ်လုပ်ငန်းလုပ်တယ်၊ မလုပ်ဘူးပေါ့ လေ။ ဒါမျိုးလေးတွေပေါ်မှာပဲ ချေးတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရှင်းပါပြီ။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီအနေနဲ့လည်း ပြည်ထောင်စုအစိုးရရဲ့ ထပ်မံဖြည့်စွက်ချက်ကို သဘောတူပါတယ်။ ထို့နည်းတူစွာပဲစပြီး ဥပဒေကြမ်းရေးဆွဲတဲ့ ကော်မတီဥက္ကဋ္ဌအပိုင်းကလည်း ဒါလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းဆိုတဲ့ စာသားဖြည့်တာနှင့် ပတ်သက်ပြီးတော့လည်း ရည်ရွယ်ချက်မပြောင်းဘူးဆိုတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ပြည်ထောင်စုအစိုးရရဲ့ ဖြည့်စွက်ချက်ကို

**ဦးသောင်းဟန် (ယင်းမာပင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ်ကို ကျွန်တော်တို့ စဉ်းစားတဲ့အခါမှာ ကော်မရှင်ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း(၇) အပိုဒ် ၁၁ ကိုလည်း ပြန်ပြီးတော့ ကြည့်ရမှာ ဖြစ်ပါတယ်။ အဲဒီ အပိုဒ်အရဆိုရင် အတည်ပြုခြင်းဆိုတဲ့အပိုဒ်ကို အခန်း(၇) အပိုဒ် ၁၁ မှာ ဖျက်သိမ်းထားပါတယ်။ ဖျက်သိမ်းပြီးတော့ အတည်ပြုပြီး ဖြစ်ပါတယ်။ အတည်ပြုခြင်းဆိုတဲ့ စကားရပ်ကို ထည့်လို့မရပါဘူး။ ထောက်ခံချက်အလို့ငှာ ကော်မရှင်က လုပ်ငန်းဆောင်ရွက်ကြောင်း ထောက်ခံချက်ထုတ်ပေးရုံပဲ ထုတ်ပေးလို့ ရပါတယ်။ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများသို့ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ကြောင်း ထောက်ခံချက်များဖြင့် ဆိုပြီးတော့ပဲ ရေးလို့ရမယ်။ အတည်ပြုချက်များဖြင့် ဆိုတာ ပယ်ဖျက်ရမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်ပြောတာ စာမျက်နှာဘယ်လောက်က ဘာကိုညွှန်းပြီး ပြောတာလဲ။

**ဦးသောင်းဟန် (ယင်းမာပင်မဲဆန္ဒနယ်)**။ ။ ကျွန်တော် အခန်း(၇) အပိုဒ် ၁၁ စာမျက်နှာ ၅ မှာ ရှိတဲ့ အပိုဒ် ၂၂(ည)ကို ပြောတာပါ။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန် အမှတ်စဉ်ကိုပြောပါ။ ဘယ်အမှတ်စဉ်ကို ပြောတာလဲ။ အမှတ်စဉ် ၂၄။

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ယောက် ဒီဘက်က ခုနက။

**ဦးခင်မောင်ညို ( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ )**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးမှာကလည်း ဦးသောင်းဟန်လိုပဲ စာမျက်နှာ ၅ အပိုဒ် ၂၄ မှာပဲ ဖြစ်ပါတယ်။ မူလက ဒီအပိုဒ်ကို ကျွန်တော်တို့ ထည့်သွင်းရခြင်း အကြောင်းအရင်းကို အစိုးရအဖွဲ့ကိုယ်စားလှယ်နှင့် အပေါ်ထပ်မှာ အကျေအလည်ဆွေးနွေးပြီး ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက် ကပျောက်လို့ မရပါဘူး။ သို့သော်လည်းပဲ စာမျက်နှာ ၅ အပိုဒ် ၂၄ မှာ အတည်ပြုချက်ကို ဖြုတ်ပြီးတော့ လုပ်ငန်းဆောင်ရွက်ကြောင်း ထောက်ခံချက်ဖြင့်ဆိုတာကို လွှတ်တော်က အတည်ပြုခဲ့ပြီး ဖြစ်ပါ တယ်။ ဒါကြောင့်မို့ ဒီအပိုဒ်မှာလည်း ရှေ့နှင့်နောက် ညီညွတ်မှ ဖြစ်ပါမယ်။ ဒါပေမယ့်လို့ အစိုးရအဖွဲ့ရဲ့ ကိုယ်စားလှယ်က ဒီအပိုဒ်ကျမှ ပြောတဲ့အခါမှာ လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းဆိုပြီး လျက်နှင့်ရှိ ဆိုတဲ့စကားလုံး ၂ လုံး ပိုသွားတဲ့အတွက် ဒါရှေ့နှင့်နောက် မညီညွတ်ပါဘူး။ ဒီနေရာမှာ ထည့်ချင်တယ် ဆိုရင် လျက်နှင့်ရှိကို ဖြုတ်ပြီးတော့ ရှေ့နှင့်ညီအောင်လို့ လုပ်ငန်းဆောင်ရွက်ကြောင်းလို့ပဲ ထည့်မှဖြစ်ပါ မယ်ဆိုတဲ့အကြောင်း ကို ကျွန်တော်တို့ ကော်မတီအနေနဲ့ တင်ပြအပ်ပါတယ်။

**ဦးစောလှထွန်း ( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်တီ )**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြရန် ရှိပါတယ်။ ကျွန်တော်ကတော့ လုပ်ထုံးလုပ်နည်း ကိုမပြောချင်ပါဘူး။ မြန်မာစာရေးထုံး နှင့်ပတ်သက်လို့ လွှတ်တော်ဂုဏ်မငယ်အောင် တင်ပြချင်ပါတယ်။ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက် ကြောင်း ထောက်ခံချက်လို့ ပြောမှာထက် လုပ်ငန်းဆောင်ရွက်ကြောင်း ကော်မရှင်၏ ထောက်ခံချက်ဟာ ပိုမိုသင့်လျော်တယ်လို့ ထင်မြင်မိပါတယ်။

**ဦးဝင်းထိန်(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးပါရစေ။ ဒီအပိုဒ်ရဲ့ အဓိကရည်ရွယ်ချက်က ဘဏ်က ပိုက်ဆံချေးလိုရအောင် ရည်ရွယ်ချက်တွေ ထည့်တာ။ ဘဏ်တွေက ပိုက်ဆံချေးမယ်ဆိုရင် လုပ်ငန်းဆောင်ရွက်တုန်းမှာ မချေးဘူး။ လုပ်ငန်းမဆောင်ရွက်ခင်ကတည်းက ဒီ

Project ဒီစီမံကိန်းရဲ့ လုပ်နိုင်ချေရှိတာကို ဘဏ်ကလာစစ်ပြီးတော့မှ ဒီကော်မရှင်၏ ဆိုတဲ့ ထောက်ခံချက်နှင့် ပြည့်စုံပါတယ်။ လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းဆိုတာ လုပ်ငန်းဆောင်ရွက်လျက်ရှိတဲ့အချိန်မှာ ဘဏ်ချေးငွေဟာ လုံးဝအသုံးမတဲ့တော့ဘူး။ လုပ်ငန်းမဆောင်ရွက်ခင် ချေးတာ။ အဲဒီတော့ လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းဆိုတဲ့အပိုဒ်က မလိုအပ်ဘူးလို့ ယူဆပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ကျွန်တော် ဖြည့်စွက်ပြီး ဆွေးနွေးပါမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က မေးခွန်းမေးတာပါ။ ကော်မတီကိုလည်း မေးသလိုပဲ၊ တစ်ဘက်က ပြည်ထောင်စုအစိုးရက လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းဆိုတဲ့စကားပါမှ ငွေချေးပေးမယ်ဆိုရင် ကျွန်တော်တို့ တိုင်းရင်းသားလုပ်ငန်းလုပ်သူများ နည်းနည်းအခက်အခဲလည်း ရှိမယ်လို့ထင်ပါတယ်။ ဒါကြောင့် ပြင်ဆင်တင်ပြ ချက်အဆိုမှာရှိတဲ့ ကော်မရှင်၏ ထောက်ခံချက်၊ အတည်ပြုချက်များဖြင့် ပြည်တွင်းပြည်ပ ဘဏ်ချေးငွေများ ရယူရန်အလို့ငှာ လျှောက်ထားရယူခွင့်ရှိခြင်းဆိုတာ ကျွန်တော့်အမြင်တော့ လုံလောက်မယ်လို့ ထင်ပါတယ်။ ခုနက ထည့်ဖြည့်လိုက်တဲ့အခါမှာ စကားဝိဝါဒ ကွဲစရာလေးဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မှ ဆောင်ရွက်နေကြောင်း၊ ဆောင်ရွက်လျက်ရှိကြောင်း ကော်မရှင်က ထောက်ခံမှ ငွေချေးမယ်ဆိုတဲ့ သဘောဖြစ်တဲ့အတွက် မူလရည်ရွယ်ချက်နှင့် သွေဖီသွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အခု အားလုံးဝိုင်းဝန်းဆွေးနွေးတဲ့အပေါ်မူတည်ပြီးတော့ ပြည်ထောင်စုသဘောထားသိလိုပါတယ်။ အခုလို မပါဘဲနှင့် ထည့်လိုက်တဲ့အခါမှာလည်းပဲ ရည်ရွယ်ချက်လည်း မပြောင်းနိုင်ပါဘူး။ ကော်မရှင်လည်း မထိခိုက်နိုင်ပါဘူး။ ငွေချေးဖို့ကိစ္စကတော့ သက်ဆိုင်ရာဘဏ်ကပဲ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရရဲ့ သဘောထားထပ်မံသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၂ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၄၂ အခန်း (၈) အပိုဒ် ၁၈ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ (ခ)တို့ကို အပိုဒ်ခွဲငယ် (၁)နှင့် အပိုဒ်ခွဲငယ်(၂)ဟု ပြင်ဆင်ပါတယ်။ အဲဒီ(၂)မှာ ဆိုလို့ရှိရင် အဆိုပြုချက်လက်ခံပါက ခွင့်ပြုမိန့်ကို ရက်ပေါင်း ၉၀ အတွင်း ထုတ်ပေးရမည်ဆိုတဲ့ ပြင်ဆင်ချက်အား လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထား သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄၃ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၄၃ အခန်း(၁၈) အပိုဒ်ခွဲ(ဂ)အား အခန်း(၁၈) အပိုဒ်ခွဲ(ခ)အဖြစ် တင်သွင်းထားသော အဆိုပြုလွှာများကို ဤဥပဒေတွင် သတ်မှတ်သည့်နေ့ရက်အတွင်း ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ သုံးသပ်ဆုံးဖြတ်ရန် ပျက်ကွက်ပါက ပျက်ကွက်သည့် မည်သည့်တာဝန်ရှိပုဂ္ဂိုလ်မဆို တာဝန်ဝတ္တရားပျက်ကွက်မှုဖြင့် အရေးယူခြင်း ခံရမည်ဟူသော ပြင်ဆင်ချက်အား လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထား သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၉ ဖြစ်ပါတယ်။ အစီအစဉ် ၄၄ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၄၄ အခန်း (၈) အပိုဒ် ၁၉ သည် ရင်းနှီးမြှုပ်နှံသူရဲ့ တာဝန်နှင့်အခွင့်အရေးအခန်းအပေါ်မှာ ခေါင်းစဉ်အောက်မှာ အပိုဒ် ၁၅ အပိုဒ်ခွဲ (ဂ) အဖြစ် ထည့်သွင်းပြီးဖြစ်ပါသဖြင့် မူလအပိုဒ် ၁၉ အား ပယ်ဖျက်ရန်အဆိုကို လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ နေရာပြောင်းပြီးဖြစ်တဲ့အတွက်သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၅ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မူလအခန်း(၈) အပိုဒ် ၂၀၊ ၂၁ ပြင်ဆင်ချက်အမှတ်စဉ် ၄၅၊ ၄၆ များဟာလည်း အထက်မှာ ကျွန်တော်တင်ပြခဲ့သလိုပဲ သက်ဆိုင်ရာအခန်းတွေအောက်မှာပြောင်းရွှေ့ထားပြီးဖြစ်ပါသဖြင့် မူလ အပိုဒ် ၂၀၊ ၂၁ တို့အား ဥပဒေကြမ်းကော်မတီက ပယ်ဖျက်သည့်အဆိုပြုချက်ကို လက်ခံပေးပါရန် တင်ပြအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ အမှတ်စဉ် ၄၅ မှာရော၊ အမှတ်စဉ် ၄၆ မှာရော၊ အမှတ်စဉ် ၄၇ မှာရော ပယ်ဖျက်သည်၊ ပယ်ဖျက်သည်ဆိုပြီးတော့ သုံးခုဆက်တိုက်ပါရှိနေပါတယ်။ တစ်ပေါင်းတည်းဆက်လက်ပြီးတော့ ဆွေးနွေးပေးဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၄၆ မှာလည်း မူလအခန်း ၁၀ ခေါင်းစဉ်အားပယ်ဖျက်ပြီးတော့ အပိုဒ် ၂၁ ခေါင်းစဉ်နှင့် ဆီလျော်စေရန် ပြင်ဆင်ချက် အမှတ်စဉ် ၃၆ ၌အတည်ပြုပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို အတည်ပြုပေး ပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။ အမှတ်စဉ် ၄၇ အပိုဒ် ၂၃ မှာလည်း ပထမတင်ပြထားတဲ့အတိုင်းပဲ မူလအခန်း (၁၁) အပိုဒ် ၂၃ အား ခေါင်းစဉ်နှင့်ဆီလျော်စေရန်အတွက် အခန်း(၇) ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အခန်းသို့ ပြင်ဆင်ပြောင်းရွှေ့ထားပြီး ပြင်ဆင်ချက် အမှတ်စဉ် ၂၆ နှင့် အတည်ပြုပြီးဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်သည့်ပြင်ဆင်ချက်အား အတည်ပြုပေးပါရန် တင်ပြအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်ဆွေးနွေးရန်ရှိပါ သလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသော ပြင်ဆင်အဆိုပြု ချက်များဖြစ်တဲ့ အမှတ်စဉ် ၄၅၊ ၄၆၊ ၄၇ အားပယ်ဖျက်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၈ ဥပဒေကြမ်းကော်မတီကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၄၈ အခန်း(၁၂) အပိုဒ် ၂၄ ပြင်ဆင်ချက်အဆိုမှာ ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စီးပွားဖြစ်စတင်သော

နေ့အပါအဝင် တစ်ဆက်တည်း ၅ နှစ်အထိ ဝင်ငွေကင်းလွတ်ခွင့်ဖြစ်ပါတယ်။ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ အရင်က ၃ နှစ်ခွင့်ပြုပါတယ်။ အခု ၅ နှစ် ခွင့်ပြုခြင်းဟာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နောက် အထူးစီးပွား ရေးဇုန်ဥပဒေတို့နှင့် ကိုက်ညီအောင်ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဒါကြောင့် သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက်ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၉ ဥပဒေကြမ်းကော်မတီကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ )**။ ။ အမှတ်စဉ် ၄၉ အခန်း (၁၂) အပိုဒ် ၂၄ ပြင်ဆင်ချက်အဆိုမှာ အမှန်တကယ်လိုအပ်၍ ဆောင်ရွက်သည့်လုပ်ငန်းဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ကုန်ကျစရိတ်၏ နှစ်ဆကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှ နုတ်ပယ်ခွင့်ဖြစ်ပါတယ်။ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ပြင်ဆင်အဆိုပြုရန်ရှိပါသလား။ လွှတ်တော်က ပြင်ဆင်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၀ အမှတ်စဉ် ၅၀ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း ( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ )**။ ။ အမှတ်စဉ် ၅၀ အခန်း (၁၂) အပိုဒ် ၂၄ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်မှာ အပိုဒ် ၂၀ အပိုဒ်ခွဲ (စ) လုပ်ငန်းစတင် တည်ဆောက်မှုကာလအတွင်း အမှန်တကယ်အသုံးပြုရန်လိုအပ်၍ တင်သွင်းသော ယန္တရား စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊

စက်အရန်ပစ္စည်းများ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပြင်ဆင်ချက်အား ဤဥပဒေ၏အစိတ်အပိုင်းအဖြစ် အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ဆွေးနွေးရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅၁ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများကို ပစ္စည်းတန်ဖိုးလျော့တဲ့ကိစ္စကို အခွန်မှလျော့ပေါ့ခွင့်ပေးထားတဲ့နည်းတူ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများလည်း ဒီအခွင့်အရေးကို ရစေလိုတဲ့အတွက်ကြောင့် အပိုဒ် ၂၄ အပိုဒ်ခွဲ(စ)မှာ အပိုဒ်တစ်ခု ကျွန်တော် ထည့်သွင်းထားပါတယ်ခင်ဗျာ။ ဝင်ငွေခွန်စည်းကြပ်ရန် ကိစ္စအလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများအပေါ်တွင် နိုင်ငံတော်က သတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုးလျော့တွက်နှုန်းထားများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုးလျော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်အပိုဒ်အား ဖြည့်စွက်အသစ် ထည့်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထား သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ဒီကိစ္စကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန် ဥပဒေနဲ့ကိုက်ညီပြီးတော့ ကျွန်တော်တို့ ထည့်သွင်းထားတာ ဖြစ်ပါတယ်။ ဒါထည့်ရမယ့် ကိစ္စဖြစ်တဲ့အတွက် ကန့်ကွက်ရန် မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဦးကြည်သာရဲ့အဆိုကို ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန် မရှိတဲ့အတွက် ဦးကြည်သာရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅၂ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၅၂ အခန်း (၁၂) အပိုဒ် ၂၄ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာ အပိုဒ် ၂၀ အပိုဒ်ခွဲ(ဆ) လုပ်ငန်းတည်ဆောက်မှုပြီးစီး၍ ပထမ ၃ နှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြင်ဆင်ချက်အား ဤဥပဒေ၏ အစိတ်အပိုင်းအဖြစ် အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅၃ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း ( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ )** ။ ။ အမှတ်စဉ် ၅၃ အခန်း (၁၂) အပိုဒ် ၂၄ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်မှာ အပိုဒ် ၂၀ အပိုဒ်ခွဲ(ဈ)ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှု ပမာဏတိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအား ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း တိုးချဲ့လုပ်ကိုင်ပါက ယင်းသို့တိုးချဲ့သည့်လုပ်ငန်းအတွက် အမှန်တကယ် အသုံးပြုရန် လိုအပ်၍ တင်သွင်းသော ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာများ၊ အသုံးအဆောင်၊ တန်ဆာပလာများ၊ စက်ကိရိယာ အခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြင်ဆင်ချက်အား ဤဥပဒေ၏ အစိတ်အပိုင်းအဖြစ် အတည် ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူးမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅၄ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဥ် ၅၄ အခန်း (၁၂) အပိုဒ် ၂၄ အပိုဒ်ခွဲ(ဠ)၏ အောက်တွင် အသစ်ဖြည့်စွက်၍ ပြင်ဆင်အဆိုတင်သွင်းလိုသည်မှာ (ဠ) ဝန်ထမ်းများအား ပြည်ပသင်တန်းဆွေးနွေးပွဲ အစည်းအဝေးများသို့ သတ်မှတ်ချက်များနှင့်အညီ စေလွှတ်သည့်စရိတ်များကို ခုနှိမ်ခွင့်ဟူသော ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်မှ အတည်ပြု ပေးပါရန် တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ဒါကြောင့် မို့လို့ ဒီဟာကို ဒီအချက်ပေါ်မှာ မူတည်ပြီးတော့ အခွန်တိမ်းရှောင်မှုတွေ ဆောင်ရွက်လာမှာ၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကနေပြီးတော့ ဒီမှာကတော့ ခွင့်ပြုနိုင်သောဆိုတာ ရှေ့ကနေ ထည့်ချင် ပါတယ်။ ခွင့်ပြုနိုင်သော ဝန်ထမ်းများအား ခွင့်ပြုနိုင်တဲ့စရိတ်တွေကို ပေးသင့်ပါတယ်။ အဲဒါဆိုလို့ ရှိရင် ကျွန်တော်တို့က နည်းဥပဒေမှာ ပြန်ပြဋ္ဌာန်းပါမယ်။ ဘယ်လိုသင်တန်းမျိုးတွေဆိုရင် ကျွန်တော်တို့ ခွင့်ပြုမယ်၊ နောက်ဘယ်ဆွေးနွေးပွဲတွေဆိုရင် ခွင့်ပြုမယ်ဘယ်အစည်းအဝေးမျိုးတွေဆိုရင် ခွင့်ပြုမယ်။ ဘာကြောင့်လဲဆိုရင် ဒီအစည်းအဝေးလို့ပြောရင် ကျွန်တော်နဲ့ တခြားနိုင်ငံကရှိတဲ့ ကုန်သည် အချင်းချင်းတွေ့တာလည်း အစည်းအဝေးပါပဲ။ ကျွန်တော် Shopping သွားတဲ့ကိစ္စတွေပါ ပါလာမယ်။ နောက်ကျတဲ့ အခါကျတော့ ဒီဟာကို ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့်လုပ်လာရင် ထိန်းချုပ်ဖို့လည်း ခက်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နည်းဥပဒေမှာ အသေးစိတ်ပြဋ္ဌာန်းပေးနိုင်အောင်အတွက် ကျွန်တော်တို့ ဒါလေးကို ဟိုဟာ လုပ်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ စကားလုံး ထပ်ဖြည့်ချင်ပါတယ်။ ဒီလိုဆိုရင် စကားလုံး ရွေးပြီးပြီလာခင်ဗျာ။ ပြောပါ။ ပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ကျွန်တော့် ကို ခဏအချိန်ပေးပါ။ အချိန်နည်းနည်းယူပါရစေ။ နောက်ကျော်သွားပြီးတော့မှ ကျွန်တော်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ခုနက ခွင့်ပြုသင့်တဲ့ စရိတ်ဆိုလို့ရှိရင်တော့ ဝန်ထမ်းများအား ပြည်ပသင်တန်းဆွေးနွေးပွဲ၊ အစည်းအဝေးပွဲများသို့ သတ်မှတ်ချက်များနှင့်အညီ စေလွှတ်သည့် ခွင့်ပြုသင့်သော၊ ခွင့်ပြုနိုင်သော ဒါပဲထည့်မလား၊ ဒါမှမဟုတ် ဒီထက်ကောင်းတာ ထည့်မလား။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ အဲဒီမှာတော့ ကျွန်တော်တို့ ဟိုဟာ ထည့်ရင်တော့ရပါတယ်။ နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ စေလွှတ်သည့် ဆိုရင်ရပါတယ်။

**ဥက္ကဋ္ဌ**။ ။ နည်းဥပဒေပါ ခွင့်ပြုနိုင်သော သတ်မှတ်ချက်များနှင့်အညီ စေလွှတ်သည့်

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ အမှန်တော့ ရပါတယ် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဆိုရင်တော့ ပိုကောင်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ နည်းဥပဒေတော့ ထည့်ဖို့မလိုဘူးထင်တယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ဝန်ထမ်းများ အား ပြည်ပ သင်တန်း ဆွေးနွေးပွဲ အစည်းအဝေးများသို့

**ဥက္ကဋ္ဌ**။ ။ သတ်မှတ်ချက်များနှင့်အညီ ဆိုတာလုံလောက်ပြီလား၊ တကယ်လို့ မလုံလောက်ဘူးထင်တယ်ဆိုရင် အရှေ့က Adjective တစ်ခုပေါ့၊ ခွင့်ပြုနိုင်သည့်၊ ခွင့်ပြုရမည့် စသဖြင့်ပေါ့။ ဒါကြောင့်မို့လို့ ဒါနဲ့ ပတ်သက်လို့ ယေဘုယျ ကျွန်တော်တို့ သဘောတူတယ်။ ပြီးတဲ့အခါမှ ခဏ နားပြီးတော့မှ ပြန်စဉ်းစားလိုက်တာ ကောင်းပါတယ်နော်။ ကဲဒါကြောင့် အမှတ်စဉ် ၅၄ ကို ခဏ ချန်လှပ် ပါမယ်။ အမှတ်စဉ် ၅၅ ကို ဆက်ပြီးဆွေးနွေးပါ့မယ်။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၅၅ အခန်း (၁၃) အပိုဒ် ၂၅ ကို ယခု ဥပဒေကြမ်း၏ အခန်း(၇)အပိုဒ် ၁၁ ၏ အောက်တွင် ပြင်ဆင်ထည့်သွင်းပြီးဖြစ်ပါ၍ ပယ်ဖျက်ပေးပါရန် အဆိုပြုချက်အား လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅၆ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၅၆ အခန်း(၁၄) အပိုဒ် ၂၇ အား ပြင်ဆင်အဆိုပြုတင်သွင်းလိုသည်မှာ ရင်းနှီးမြှုပ်နှံသူ၏ မတည်ငွေရင်းတွင် နိုင်ငံခြားငွေပါရှိပါက ယင်းချေးငွေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပြန်လည်ပေးဆပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က အာမခံသည်ဟူသော အဆိုပြုချက်အား လွှတ်တော်မှ အတည်ပြုပေး ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင် (အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် )** ။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅၇ ဦးဝင်းထိန် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းထိန် (မိတ္ထီလာမဲဆန္ဒနယ်)**။ ။ အမှတ်စဉ် ၅၇ အခန်း (၁၄) မှာ အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ် ခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဈေးကွက်စီးပွားရေးစံနစ်နှင့်အညီ ကုန်ပစ္စည်းများ၏ ဈေးနှုန်းများအပေါ်တွင် ထိန်းချုပ်မှု၊ ကန့်သတ်မှုမပြုဟု အာမခံသည့်ဆိုတဲ့အချက်ကို ထည့်သွင်းဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ဒါထည့်သင့်တဲ့ အချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ **Exited Law** မှာရော FDI Law မှာရော ထည့်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဦးဝင်းထိန်ရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါ့မယ်။

**အချိန်၊၁၄း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။**]**

**အချိန်၊၁၅း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ စာမျက်နှာ ၁၂ အစီအစဉ် ၅၈ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း (၁၅) အပိုဒ် ၂၉ ပြင်ဆင်ချက် အဆိုမှာ ကော်မရှင်သည်နိုင်ငံတော်ထံမှ မြေငှားရမ်းလုပ်ကိုင်ခွင့်ရရှိသောရင်းနှီးမြှုပ်နှံသူအား မြေအသုံးပြုခွင့်ကာလကို စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း သို့မဟုတ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ်မူတည်၍ ကနဦးနှစ် ၆၀ အထိခွင့်ပြုနိုင်သည်ဟု ပြင်ဆင်ချက်အား အတည်ပြုပေးနိုင်ပါရန်လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၅၉ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း (၁၅) အပိုဒ် ၃၁ ပါ အဆိုပြုပြဋ္ဌာန်းချက်များ အဆိုပြုပြဋ္ဌာန်းချက်ပါအပိုဒ်သည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအတွက်သာဖြစ်ပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအတွက်မလိုအပ်ပါသဖြင့် ပယ်ဖျက်ပေးနိုင်ပါရန်လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၆၀ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အစီအစဉ် ၆၀ အနေနဲ့ ဥပဒေကြမ်းကော်မတီနှင့် ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ် ၂ ဦးဖြစ်ပါတယ်။ ကြိုတင်ညှိနှိုင်းချက်အရ ဥပဒေကြမ်းကော်မတီကတင်ပြထားတဲ့ ကော်မရှင်သည်နယ်စပ်မျဉ်းမှ ၁၀ မိုင်အတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဒေသခံတိုင်းရင်းသားများကိုသာ အထူးအစီအစဉ်ဖြင့် ဦးစားပေးလုပ်ပိုင်ခွင့်သတ်မှတ်ပေးရမည်နေရာမှာ ထပ်ပြီးတော့ ဒေသခံတိုင်းရင်းသားများမလုပ်ကိုင်နိုင်ပါက နိုင်ငံသားများအား လုပ်ကိုင်ခွင့်ပြုရမည်ဆိုပြီးတော့ဖြည့်စွက်ထားပါတယ်။ အဲ့ဒါကို

ဒေါ်ခင်စောဝေရဲ့တင်ပြချက်ဟာ ပိုမိုပြည့်စုံပါသဖြင့် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အားရုပ်သိမ်းပါကြောင်း လွှတ်တော်သို့တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စောဝေ၊ ရသေ့တောင်ကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ ကော်မရှင်သည်နယ်စပ်မျဉ်းမှ ၁၀ မိုင်အတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဒေသခံတိုင်းရင်းသားများကိုသာ အထူးအစီအစဉ်ဖြင့် ဦးစားပေးလုပ်ကိုင်ခွင့်သတ်မှတ်ပေးရမည်ဟူသောအဆိုပြုချက်အား ဤလွှတ်တော်မှအတည်ပြုပေးပါရန်လေးစားစွာဖြင့်တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ညှိနှိုင်းပြီးဖြစ်တဲ့အတိုင်း သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခုမှ နောက်ကျပြီး ကန့်ကွက်ဆွေးနွေးရတာ စိတ်မကောင်းပါဘူးခင်ဗျား။ မူလကဘာလို့မဆွေးနွေးခဲ့လဲဆိုတော့ တိုင်းရင်းသားညီအစ်ကိုများရဲ့ တိုးတက်ကြီးပွားမှုကိုမြင်တွေ့လိုတဲ့အတွက် ဒီအပေါ်မှာ ကျွန်တော်ဝေဖန်ဆွေးနွေးခြင်းမလုပ်ခဲ့တာဖြစ်ပါတယ်။ သို့သော် စေ့စေ့တွေးကြည့်တဲ့အခါမှာ ဒီဥပဒေကြီးဟာ ဒီအတိုင်းသာပါသွားမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆန့်ကျင်သွားပါလိမ့်မယ်ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားများရဲ့မူလအခွင့်အရေးဆိုတဲ့နေရာမှာ ပုဒ်မ ၃၄၉ မှာ နိုင်ငံသားများဟာ အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာမှာ တူညီသောအခွင့်အလမ်းရှိရမယ်လို့ပါပါတယ်။ (ဂ) မှာ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ (ဃ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတို့ဖြစ်ပါတယ်။ ကျွန်တော်တို့က ဦးစားပေးဆိုတဲ့စကားလုံးကိုသုံးလိုက်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့ ဆန့်ကျင်ကွဲလွဲသွားမှာဖြစ်တဲ့အတွက် ဒီဥပဒေရဲ့အကျိုးအာနိသင်ဟာ ကျွန်တော်တို့ရည်ရွယ်သလို မိမိတို့နိုင်ငံသားများအကျိုးအတွက် ကောင်းမွန်တဲ့ရည်ရွယ်ချက်နဲ့ဆောင်ရွက်ပေမယ့် ပျက်ပြယ်သွားစရာအကြောင်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ တိုင်းရင်းသားများနှင့် နိုင်ငံသားများလို့ပြင်ဆင်လိုက်မှသာလျှင် ဦးစားပေးစကားကိုတော့ဖြုတ်ရမှာပေါ့ခင်ဗျား။ ထို့ကြောင့် ကော်မရှင်သည် နယ်စပ်မျဉ်းမှ ၁၀ မိုင်အတွင်းဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု

လုပ်ငန်းများအား ဒေသခံတိုင်းရင်းသားများနှင့် နိုင်ငံသားများကိုလုပ်ကိုင်ခွင့်သတ်မှတ်ပေးရမည်လို့ ပြင်ဆင်သင့်ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေဟာ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဖြစ်ပေမယ့် နှစ်ပေါင်းမြောက်မြားစွာ ဒုက္ခဆင်းရဲ၊ ဖွံ့ဖြိုး တိုးတက်မှုနည်းပါးနေတဲ့ တိုင်းရင်းသားများရဲ့အခွင့်အရေးအတွက် ဥပဒေမှာ အတိအကျပြဋ္ဌာန်း ထားပါတယ်။ အထူးဦးစားပေး ကျွန်တော်တို့တိုင်းရင်းသားတွေဟာ အထူးသဖြင့်ပြည်နယ်သားတွေဟာ နယ်စပ်ဒေသမှာ ဆင်းရဲဒုက္ခပေါင်းမြောက်မြားစွာနဲ့ ဘဝကိုနှစ်ပေါင်းမြောက်မြားစွာနဲ့ ခေတ် အဆက်ဆက်ကို ဖြတ်သန်းရုန်းကန်လာရပါတယ်။ အခုမှသာလျှင် ပြည်သူ့လွှတ်တော်က တိုင်းရင်းသား များအတွက် အထူးအစီအစဉ်အနေနဲ့ ခွင့်ပြုပေးတာလို့ပါလာတဲ့အတွက် တိုင်းရင်းသားများကိုယ်စား အထူးကျေနပ် အားရမိပါတယ်။ အခုအခြေအနေမှာ ကျွန်တော်တို့ တိုင်းရင်းသား ပြည်နယ်များမှာ နိုင်ငံသားအမည်ခံ တိုင်းတစ်ပါးသားငွေရှင်ကြေးရှင်များကလွှမ်းမိုးမှုများ အများအပြားရှိနေပါတယ်။ ဒီလိုသာရောပြီး ပေးလိုက်မယ်ဆိုရင် နိုင်ငံတော်ရဲ့စေတနာဖြစ်တဲ့ အထူးဦးစားပေး အစီအစဉ်ဆိုတဲ့ စကားဟာ တန်ဖိုးအားဖြင့် အားပျော့ပျက်ပြယ်သွားပါတယ်။ နောက်တစ်ခုက တိုင်းရင်းသားများကို ဦးစားပေးခြင်းအားဖြင့် ဒီကိစ္စဟာ အကောင်အထည်ဖော်ဖြစ်အောင်ဖော်ရမယ့် ကိစ္စဖြစ်တဲ့အတွက် တိုင်းရင်းသားများကိုသာလျှင် အထူးအစီအစဉ်ဖြင့် ဦးစားပေးလုပ်ကိုင်ခွင့် သတ်မှတ်ပေးရမည်ဆိုတဲ့ အဆိုသာလျှင် သင့်တော်ပါကြောင်း လေးစားစွာ ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ (ဂ) မှာ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ တိုင်းရင်းသားများ၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီ ဆောင်ရွက်မယ်လို့ ပြဋ္ဌာန်းထားတာကိုတွေ့ရှိရပါတယ်ရှင်။ ဒီပုဒ်မကိုကြည့်ခြင်းအားဖြင့် ဖွံ့ဖြိုး တိုးတက်မှုနည်းတဲ့ တိုင်းရင်းသားများရဲ့အခြေခံမှုဖြစ်နေတဲ့အတွက် အလေးထားလိုက်နာဆောင်ရွက် အကောင်အထည်ဖော်ပေးရမယ်လို့ အမိကရေးပေးထားတာဖြစ်တဲ့အတွက် ကျွန်မတို့ရဲ့တင်ပြထားတဲ့ အဆိုကို လွှတ်တော်ကထောက်ခံပေးဖို့တောင်းဆိုပါတယ်ရှင်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်ကို ပယ်ဖျက်ခံယူလိုပါတယ်ခင်ဗျား။ ဥပဒေကြမ်း

ကော်မတီရဲ့ပြင်ဆင်ချက်မှာ ကော်မရှင်သည် နယ်စပ်မျဉ်းမှ ၁၀ မိုင်အတွင်းဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဒေသခံတိုင်းရင်းသားများကိုသာ အထူးအစီအစဉ်ဖြင့် ဦးစားပေးလုပ်ကိုင်ခွင့်သတ်မှတ်ပေးရမည်။ အထူးအစီအစဉ်ဖြင့် ဦးစားပေးထားပြီးသားဖြစ်ပါတယ်ခင်ဗျ။ အဲ့ဒီမှာ ဒေသခံတိုင်းရင်းသားတွေကမလုပ်နိုင်တော့မှသာ နိုင်ငံသားတွေကိုလုပ်ကိုင်ခွင့်ပေးရမှာ ဒေသခံတိုင်းရင်းသားတွေကလည်းမလုပ်နိုင်ဘူး။ နိုင်ငံသားကလည်းမလုပ်ဘူးဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့လုပ်နိုင်တဲ့လုပ်ငန်းတွေကို ချန်ထားလိုက်ရမှာလားခင်ဗျ။ အဲ့ဒါကြောင့်ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ ကျွန်တော်လည်း တိုင်းရင်းသား၊ တကယ့်ကိုခေါင်တဲ့ဒေသ၊ ခက်ခဲတဲ့ဒေသက တိုင်းရင်းသားပဲဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒေသခံတွေကလုပ်နိုင်တဲ့အရင်းအနှီးမရှိလို့ မလုပ်နိုင်ဘူးဆိုရင် ကျွန်တော်တို့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် တခြားနိုင်ငံသားတွေကလုပ်မယ်ဆိုရင် လုပ်ကိုင်ခွင့်ပြုသင့်ပါတယ်လို့ထင်မြင်ယူဆတဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ထောက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်ခင်စောဝေရဲ့ တိုင်းရင်းသားများကိုသာ အထူးအစီအစဉ်ဖြင့် ဦးစားပေးလုပ်ကိုင်ခွင့်သတ်မှတ်ပေးရမည်ဆိုတာ နိုင်ငံသားတွေကိုလုပ်ကိုင်ခွင့်မပေးဘူးလို့မပါပါဘူးခင်ဗျား။ ဒါ Understood ပါ။ အထူးအစီအစဉ်နဲ့ဦးစားပေးတာကိုပဲပြောတာဖြစ်ပါတယ်။ အဲ့တော့ ဒီတိုင်းရင်းသားတွေအနေနဲ့မလုပ်နိုင်ရင် နိုင်ငံသားလုပ်ရမယ်ဆိုတာကတော့ ဒေါ်ခင်စောဝေရဲ့ပြင်ဆင်ချက်ကိုသာ အတည်ပြုပေးပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ဥက္ကဋ္ဌက အပြင်မသွားခင်မှာ ကျွန်မကို အချက် ၄ ချက်ပေးပြီးတော့ ဒီကိစ္စကိုဖြေရှင်းထားခိုင်းပါတယ်ရှင့်။ ဒီလိုမျိုးပြဿနာဖြစ်မယ်ဆိုတာသိတဲ့အတွက်ကြောင့် ကျွန်မကို အချက် ၄ ချက်ပေးထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ဥက္ကဋ္ဌ ဦးတီခွန်မြတ်ပေးထားတဲ့ အချက် ၄ ချက်ကို ကျွန်မကဖတ်ပြပါ့မယ်ရှင့်။ ဒီဥပဒေ ဒီအပိုဒ်ကိုပြဋ္ဌာန်းရခြင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် နယ်စပ်မျဉ်းမှ ၁၀ မိုင်အတွင်းနိုင်ငံသားများကို အထူးဦးစားပေးပြဋ္ဌာန်းရန်အတည်ပြုပြီးဖြစ်ခဲ့သော်လည်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေမှာမပါရှိတဲ့အတွက် ဟာကွက်တွေဖြစ်ပေါ်နေပါတယ်။ အဲ့ဒီဟာကွက်ကိုဖြည့်ဆည်းသောအားဖြင့် ဥပဒေကြမ်းကော်မတီမှ ဒီအပိုဒ်ကိုထည့်သွင်းရခြင်းဖြစ်ပါတယ်။ မူလဒီအပိုဒ်ကို ထည့်သွင်းရခြင်းမှာ မူလတုန်းက ထည့်တဲ့အချိန်မှာ ဒေသခံတိုင်းရင်းသားများ မလုပ်

ကိုင်နိုင်ပါက နိုင်ငံသားများအား လုပ်ကိုင်ခွင့်ပြုရမည်ဆိုတဲ့အပိုဒ်မပါပါဘူး။ ကော်မရှင်များနှင့်သူနဲ့ သက်ဆိုင်ရာကော်မတီများနဲ့ ဆွေးနွေးပြီးတဲ့အခါမှာ ဒီအပိုဒ် ဒေသခံတိုင်းရင်းသားများ မလုပ်ကိုင်နိုင်ပါက နိုင်ငံသားများအား လုပ်ကိုင်ခွင့်ပြုရမည်ဆိုတဲ့ တစ်ကြောင်းထပ်ပြီး ထွက်လာခြင်းဖြစ်ပါတယ်။ အဲ့ဒီရဲ့ ဥပဒေကို ထည့်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ကြားမှာရှိတဲ့ဟာကွက်ကိုဖြည့်ဆည်းရန်နဲ့ နိုင်ငံသားဥပဒေအရ တိုင်းရင်းသားများနှင့် နိုင်ငံသားများရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အနှစ်သာရ ဖွင့်ဆိုချက်ခြင်းတူညီမှုမရှိပါဘူး။ တိုင်းရင်းသားများနှင့် နိုင်ငံသားများကို တစ်ထပ်တည်းလုပ်ပိုင်ခွင့်ပေးရင် မျှတခြင်းမရှိသောကြောင့် ဒေသခံတိုင်းရင်းသားများကို အထူးအစီအစဥ်ဖြင့် ဦးစားပေးရန် လိုအပ်ပါတယ်ဆိုပြီးတော့ ကျွန်မတို့က ဥပဒေကြမ်းကော်မတီမှာ ဆွေးနွေး ဆုံးဖြတ်ခဲ့ပါတယ်။ အဲ့ဒီအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၉ အခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များပုဒ်မ ၃၄၉ ကို ကျွန်မတို့ ကြည့်ခဲ့ပါတယ်။ ပုဒ်မ ၃၄၉ မှာ နိုင်ငံသားများအားလုံးအတွက်အခွင့်အရေးကို တန်းတူညီမျှပေးပြီး ဖြစ်ပါတယ်။ တန်းတူညီမျှ ပေးပြီးတဲ့ကိစ္စမှာ ဒေသခံတိုင်းရင်းသားတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)အရ တိုင်းရင်းသားတွေကို ပေးအပ်ထားတဲ့အခွင့်အရေး ထိရောက်စွာရရှိစေရန်အတွက် ဒီဥပဒေကို ကျွန်မတို့ဥပဒေကြမ်းကော်မတီကပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်။ ပြဋ္ဌာန်းခဲ့တဲ့အချိန်၊ ရေးသားခဲ့တဲ့အချိန်မှာလည်း ကျွန်မတို့က ဒေသခံတိုင်းရင်းသားများ မလုပ်ကိုင်နိုင်ပါက နိုင်ငံသားများအားလုပ်ကိုင်ခွင့်ပြုရမည်ဆိုတဲ့အချက်ကို မထည့်ထားပါဘူး။ မထည့်ရတဲ့ ရည်ရွယ်ချက်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၉ မှာပါရှိပြီးဖြစ်တဲ့အတွက်ကြောင့် အလိုအလျောက်နားလည်ပြီး ဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားတွေကို အထူးဦးစားပေးတယ်ဆိုတဲ့အနေနဲ့ ပြုလုပ်ထားတဲ့ပုဒ်မဖြစ်တဲ့အတွက်ကြောင့် ထည့်သွင်းရန်မလိုအပ်ဘူးလို့ ဥပဒေကြမ်းကော်မတီက ဆုံးဖြတ်ပြီး ၎င်းအတိုင်းရေးသားခဲ့ခြင်း ဖြစ်တဲ့အတွက်ကြောင့် ဒေါ်ခင်စောဝေရဲ့အဆိုကို ထောက်ခံ ခြင်းဖြစ်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ဥပဒေရေးရာကိစ္စဖြစ်နေတဲ့အတွက် ဥပဒေရေးရာနားလည်တဲ့သူကပဲဆုံးဖြတ်သင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့တော့ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ဒီဥပဒေအတိုင်း လိုက်နာပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးရန်ရှိပါသေးလား။

**ဗိုလ်မှူးကြီးတင့်ဆန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အနည်းငယ်ဆွေးနွေးလိုပါတယ်။ ကျွန်တော့်အနေနဲ့တော့ ဒီအပိုဒ်မှာဒေသခံအစားကို ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)မှာ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ တိုင်းရင်းသားများလို့ပဲပါပါတယ်။ အဲ့တော့ တိုင်းရင်းသား အားလုံးနှင့် သက်ဆိုင်တယ်လို့ ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံကိုဖြုတ်ပြီးတော့ တိုင်းရင်းသား များကိုပဲ ပြန်ပြင်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အယူအဆတွေကတော့ အမျိုးမျိုး၊ အကွဲကွဲဖြစ်လာတဲ့သဘောရှိပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြဋ္ဌာန်းပေးထားတဲ့ နိုင်ငံတော်သည်မည်သူ့ကိုမဆို ဥပဒေ အရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့အပြင် ဥပဒေရဲ့အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရယူပိုင်ခွင့်ရှိသည်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၄၇ မှာဖော်ပြထားပါတယ်။ ခုန ဒေါ်နန်းဝါနုဆွေးနွေးတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၄၉ လို့ပြောပါတယ်။ ပုဒ်မ ၃၄၉ က နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်း ရှိရမည် ဝန်ထမ်း၊ အလုပ်အကိုင်၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကား၊ စီးပွားလုပ်ငန်း၊ အတတ်ပညာ၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာ ဒီဟာတွေကိုရည်ညွှန်းထားပါတယ်။ ပုဒ်မ ၃၄၇ ကတော့ ဥပဒေအရာနှင့်ပတ်သက်လို့ တန်းတူညီတူ၊ ပုဒ်မ ၃၄၉ ကတော့ အလုပ်အကိုင်နှင့် ကုန်သွယ် ရောင်းဝယ်စီးပွားကိစ္စဖြစ်ပါတယ်။ တစ်ခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၂ ပုဒ်မခွဲ (ဂ) တိုးတက် ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဒီလိုတိုင်းရင်းသား ဘက်ကနေပြီးတော့ အလေးပေးဆောင်ရွက် ခိုင်းထားတာရှိပါတယ်။ အဲ့ဒီမှာ တပ်မတော်သား ကိုယ်စားလှယ်တစ်ဦးကထပ်ပြီး ဒါနှင့်ဆွေးနွေးတာကတော့ တိုင်းရင်းသားလို့ပြောတဲ့အတွက် ဒီနေရာမှာတိုင်းရင်းသားအားလုံးနဲ့သက်ဆိုင်တယ်လို့ ယူဆတဲ့အတွက် ဒေသခံဆိုတာ ပယ်ဖျက် သင့်တယ်လို့ပြောပါတယ်။ ဒီနေရာမှာ တိုင်းရင်းသားဆိုတဲ့ စကားကတော့ အားလုံးမှန်ပေမယ်လို့ ဘယ်သူ့ကို ပိုဦးစားပေးသင့်လဲဆိုတော့ ဒေသခံတိုင်းရင်းသားကိုပဲ ဦးစားပေးသင့်တယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာရှိတဲ့ ရှမ်းတိုင်းရင်းသား နယ်မြေမှာ ဆိုရင် ရခိုင်ပြည်နယ်က တိုင်းရင်းသားက ရှမ်းပြည်နယ်မှာ ရှမ်းပြည်နယ် နယ်နိမိတ်မှာရှိတဲ့လုပ်ငန်းကို ဘယ်သူ့ ဦးစားပေး မလဲဆိုရင် ရှမ်းပြည်နယ်မှာနေတဲ့ ဒေသခံတိုင်းရင်းသားကိုပဲ ဦးစားပေးရမယ်။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ တိုင်းရင်းသားလို့ပြောတာ မှန်ပါတယ်။ ဒါပေမယ်လို့ ဒေသမှာနေတဲ့

တိုင်းရင်းသားကိုပိုပြီးတော့ ဦးစားပေးရမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာ ဒွိဟ ဖြစ်စရာအကြောင်းတွေဖြစ်ပါတယ်။ သို့ရာတွင် အမှတ်စဉ် ၆၀ ဥပဒေကြမ်းကော်မတီ ကတင်ပြထားတဲ့ ပုဒ်မ ၂၉ ဟာလည်း ပြည့်ပြည့်စုံစုံဖော်ပြထားတာမှန်ပါတယ်။ ဒေါ်ခင်စောဝေ ရသေ့တောင် မဲဆန္ဒနယ် ဘက်ကလည်း ခုနနောက်ဆုံးဆွေးနွေးသွားသလို ဒေသခံတိုင်းရင်းသားကို ဦးစားပေးမယ်။ သူ မလုပ်နိုင်ဘူးဆိုရင်တော့ တိုင်းရင်းသား သို့မဟုတ် နိုင်ငံသားမည်သူမဆို လုပ်ပိုင်ခွင့် ရှိတယ်ဆိုတဲ့ အဓိပ္ပာယ်လည်းရပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေပြုတဲ့နေရာမှာ Letter of Law နှင့် Spirit of Law ဘယ်ဟာကိုဦးစားပေးရမလဲဆိုရင် Spirit of Law ဦးစားပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနတော့ တင်ပြဆွေးနွေးသွားကြတယ်။ နောက်ဆုံး ဦးခိုင်မောင်ရည် ဆွေးနွေးသွားသလို ဒေသခံတိုင်းရင်းသားများကို အထူးအစီအစဉ်ဖြင့် ဦးစားပေးမယ်ဆိုတဲ့ဟာသည် ဒေသခံတိုင်းရင်းသား မလုပ်နိုင်ဘူးဆိုရင် ကွက်လပ်မကျန်အောင် ကျန်တဲ့ပုဂ္ဂိုလ်များလည်း လုပ်ပိုင်ခွင့် ရှိပါတယ်။ ဒီနေရာမှာထပ်ပြီးစဉ်းစားမယ်ဆိုရင် ဒေသခံတိုင်းရင်းသားမလုပ်နိုင်ဘူးဆိုရင် ဦးစားပေးမယ်ဆိုရင် တိုင်းရင်းသားကို ဦးစားပေးလို့ရသေးတယ်။ တိုင်းရင်းသားကမလုပ်နိုင်ဘူးဆိုရင်တော့ နိုင်ငံသား၊ တိုင်းရင်းသားနှင့် နိုင်ငံသား ခြားနားမှုရှိပါတယ်။ ဒါကြောင့်မို့လို့ မိမိအနေနဲ့တော့ ဒေါ်ခင်စောဝေ တင်ပြတဲ့တင်ပြချက်ကို ဥပဒေကြမ်းကော်မတီကလည်း သဘောတူပြီးတဲ့အခါမှာ သူတို့ရဲ့ ဥပဒေကြမ်း ကော်မတီရဲ့တင်ပြချက်ကိုလည်း ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါတယ်။ နောက်နောင် ကျလို့ရှိရင်တော့ ဒီဥပဒေများကိုပြုစုတဲ့နေရာမှာ၊ ရေးဆွဲတဲ့နေရာမှာ လွှတ်တော်ထဲအဆုံးအဖြတ်ပေးတဲ့ အချိန်ရောက်မှ ဆွေးနွေးတာထက် မိမိတို့ဆွေးနွေးခွင့်ပေးထားတဲ့ သတ်မှတ်ထားတဲ့ရက်မှာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြည့်စုံစွာရေးပြီးတဲ့အခါမှာ လွှတ်တော်ကိုတင်ပြ လွှတ်တော်ကမှ ဒါနှင့်ပတ်သက်လို့ ဆွေးနွေးဖို့ဆိုတဲ့ အချိန်မှာပြုလုပ်ရင် လွှတ်တော်ရဲ့တန်ဖိုးရှိတဲ့အချိန်တွေလည်း မကုန်ဆုံးသွားပါဘူး။ ဒီနေ့တော့ အခွင့်အရေးတွေပေးခဲ့ပါပြီ။ နောင်ကျလို့ရှိရင်တော့ ပြင်ဆင်ချက်အဆိုတင်ပြထားတဲ့အပေါ်မှာ မူတည် ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာလည်း အသိပေးကြေညာပါတယ်။ ဒါကြောင့် ဘယ်လိုပဲ ဖြစ်ဖြစ် ဒီနေ့တော့ ဥပဒေကြမ်းကော်မတီကပြင်ဆင်အဆိုပြုချက်ပြုထားတယ်။ ထိုနည်းတူစွာပဲ ဒေါ်ခင်စောဝေကလည်းပြင်ဆင်ချက်အဆိုပြုထားတယ် ဒီနေရာမှာဥပဒေကြမ်းကော်မတီက သူရဲ့ ပြင်ဆင်အဆိုပြုချက်ပြန်ရုပ်သိမ်းတယ်။ ရုပ်သိမ်းတဲ့အကြောင်းအရင်းက ဒေါ်ခင်စောဝေ တင်ပြတဲ့ ဥပဒေပြင်ဆင်ချက်ဟာ ကောင်းမွန်တယ်၊ ပြည့်စုံတယ်ဆိုတဲ့ စေတနာနဲ့ ရုပ်သိမ်းတယ်လို့ပဲသဘော

ပေါက်ပါတယ်။ ကဲဒါကြောင့်မို့လို့ ဒေါ်ခင်စောဝေရဲ့ပြင်ဆင်အဆိုပြုချက်ကို ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များက ထပ်မံကန့်ကွက်အဆိုပြုရန်ရှိပါသလား။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)။** ။ ကျွန်တော့်အနေနဲ့ ဒေါ်ခင်စောဝေရဲ့ပြင်ဆင်ချက်မှာ စာလုံးတစ်လုံးပေါ့ဗျာ။ ကျွန်တော် အဲ့ဒီထဲမှာ ဒေသခံတိုင်းရင်းသားများကိုသာနေရာမှာ ဒေသခံတိုင်းရင်းသားများကို များကိုသာနေရာမှာ ဒေသခံတိုင်းရင်းသားများကို များကိုသာတိကျနေတယ်။ သူပဲလုပ်ရမယ်လို့သဘောဖြစ်နေတယ်လို့မြင်ပါတယ်။ များကို ဦးစားပေးသင့်ပါတယ်ခင်ဗျား။ ဒါမှပဲ နောက်ကဆက်လိုက်လာလို့ရမယ့် သဘောရှိပါတယ်။ အဲဒီလို ကျွန်တော်ပြင်ချင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မှန်ပါတယ်။ မှန်ပါတယ်ဆိုတာက ဒီနေရာမှာ တိုင်းရင်းသားများကို ဆိုရင်လုံလောက်ပါတယ်။ ဒါနှင့်ပတ်သက်လို့ ဥပဒေကြမ်းကော်မတီနဲ့ အဆိုတင်သွင်းသူ ဒေါ်ခင်စောဝေရဲ့ သဘောထားသိချင်ပါတယ်။

**ဥပဒေကြမ်းကော်မတီဝင်တစ်ဦး။** ။ သာကို ဖြုတ်ပြီးတော့လုပ်ရင် ပိုမိုပြည့်စုံမယ်လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒေါ်ခင်စောဝေ။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ ပိုကောင်းပါတယ်ရှင်။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါဆိုရင် ဦးစိုင်းသန်းနိုင်ရော သဘောတူလား။

**ဦးစိုင်းသန်းနိုင် (ဖာပွန်မဲဆန္ဒနယ် )။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ။ ကဲဒါကြောင့် ဒေါ်ခင်စောဝေရဲ့ အဆိုပြုပြင်ဆင်ချက်ကို တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဦးစိုင်းသန်းနိုင်ကလည်း သာကို ဖြုတ်ဆောင်ရွက်မယ်ဆိုလို့ရှိရင် အားလုံးဆီလျော်ပြည့်စုံတယ်လို့ တင်ပြဆွေးနွေးသွားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ထပ်မံကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ထပ်မံကန့်ကွက် ဆွေးနွေးရန်မရှိတဲ့အတွက် ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆၁ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၆၁ အခန်း(၁၅) အပိုဒ် ၃၃ ဒီမူလအပိုဒ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့သာ သက်ဆိုင်တဲ့အတွက် ဒီအပိုဒ်အား ပယ်ဖျက်ပေးပါရန် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ ( သြဘာသံများ ) (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆၂ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၆၂ အခန်း(၁၇) အပိုဒ် ၃၇ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာအပိုဒ် ၃၂ ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းတစ်ခုခုတွင် အမှုထမ်းသော နိုင်ငံခြားသားများသည် နိုင်ငံတော် အတွင်းရှိ နိုင်ငံခြားဘဏ် လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ မြန်မာကျပ်ငွေစာရင်းကို လည်းကောင်းဖွင့်လှစ် ဆောင်ရွက်ရမည်ဟု ပြင်ဆင်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့သဘောထားကို သိလိုပါတယ်။

**သူရဦးသောင်းလွင် (အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ကျွန်တော်တို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတဲ့အတွက် သဘောတူပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်ရန် မရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆၃နှစ်ခုလုံးအတွက် ဥပဒေကြမ်းကော်မတီက တစ်ကြိမ်တည်း တင်ပြဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၆၃ အခန်း(၁၉) အပိုဒ်၃၉နှင့်၄၀ ပြစ်မှုပြစ်ဒဏ်များသည် ရင်းနှီးမြှုပ်နှံမှုအခန်းတွင် ထည့်သွင်းရန် မလိုအပ်ပါသဖြင့် အပိုဒ် ၃၉ နှင့် ၄၀ အားပယ်ဖျက်ပေးပါရန် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြင်ဆင်အဆိုပြုရန်ရှိပါသလား။ ပြင်ဆင်အဆိုပြုရန်မရှိတဲ့အတွက် အပိုဒ် ၆၃ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ်၆၄ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၆၄ အခန်း(၂၁) အပိုဒ်၃၇နဲ့ ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်မှာ အပိုဒ်၃၅ကော်မရှင်သည် မတည်ငွေရင်းကြီးမားသော လုပ်ငန်းမျိုးဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းမျိုးကိုလည်း နိုင်ငံသားများကကိုယ်ပိုင် အရင်းအနှီးရှိကြောင်း သို့မဟုတ် နိုင်ငံတကာမှ အရင်းအနှီးရရှိနိုင်သည့် အခွင့်အလမ်းရှိကြောင်း အဆိုပြုလာပါက ဥပဒေနှင့်အညီ ဦးစားပေးခွင့် ပြုရမည် ဟူသော အဆိုပြုချက်ကို လက်ခံပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့ သဘောထားကို သိလိုပါတယ်။ ပထမဝန်ကြီး ဒီကိစ္စနဲ့ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာနနဲ့ရော နောက်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ရော ညှိနှိုင်းပြီး ဖြစ်ပါတယ်။ နောက်သူတို့ကလည်း ဒါကိုသဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆၅ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၆၅ အခန်း (၂၁) အပိုဒ်၄၅နဲ့ ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် တင်ပြချက်မှာအပိုဒ်၃၈ ဤဥပဒေမပြဋ္ဌာန်းမီက ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၄) အရ ရင်းနှီးမြှုပ်နှံသူများအားဤဥပဒေအရ သတ်မှတ်သည့်ရင်နှီးမြှုပ်နှံသူများ ဖြစ်သည်ဟု မှတ်ယူရမည်ဟူသော ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားကို သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ကြိုတင်ပြီးတော့ အသေးစိတ်ဆွေးနွေးပြီး ဖြစ်တဲ့အတွက် သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၄/၄၉) အရ ရင်းနှီးမြှုပ်နှံသူများအား ဤဥပဒေအရသတ်မှတ်သည့် ရင်းနှီးမြှုပ်နှံသူများ ဖြစ်သည်ဟု မှတ်ယူရမည်။ ဒါနဲ့ပတ်သက်လို့ ဥပဒေကြမ်းကော်မတီက ရှင်းလင်းနိုင်ရင် ရှင်းလင်း ပြပေးပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှု ဒီဥပဒေပြဋ္ဌာန်းပြီးတဲ့နောက်မှာ ဒီဥပဒေရဲ့အခွင့်အလမ်းများကို ကျွန်တော်တို့ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအား ခံစားခွင့်ရှိကြသလိုပဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၄/၉၄)အရ ပြဋ္ဌာန်းထားတဲ့ယခင်ပြည်ထောင်စု မြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံသူများကိုလည်း ဤဥပဒေခံစားခွင့်များကို တစ်ထပ်တည်း ခံစားနိုင်စေရန် အတွက် ရည်ရွယ်ထည့်သွင်းပြဋ္ဌာန်းထားကြောင်းတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးခင်ဗျာ။ ဒါဆိုရင် ဒီနဝတလက်ထက်က (၄/၉၄) အရ ရင်းနှီးမြှုပ်နှံသူများကိုလည်း ဒီဥပဒေအရ အကျုံးဝင်တယ်ဆိုတာမှန်ပါသလား။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ကျွန်တော်တို့ အရင် ဥပဒေအရဆိုလို့ရှိရင် Coporated Tax, Extension Tax ကိုတိုးမြှင့်ပေးထားပါတယ် အဲ့ဒါကိုခံစားဆဲဖြစ်တယ်ဆိုလို့ရှိရင် ဒီဥပဒေအသက်ဝင် လာတဲ့အခါမှာနောက်ထပ် ၂နှစ်ခံစားခွင့်ရမှာပါ။ ဒီဥပဒေက ၅နှစ်ပေးထားတာ ဖြစ်ပါတယ်။ သက်တမ်းကုန်သွားကိစ္စတွေကိုတော့ ကျွန်တော်တို့ ခွင့်မပြုပါဘူး။

**ဥက္ကဋ္ဌ**။ ။ သက်တမ်းကုန်တယ်ဆိုတဲ့ကိစ္စ အရင်တုန်းကခွင့်ပြုပေးတာသုံးနှစ် အခု သက်တမ်းကုန်သွားပြီဆိုတော့ ထပ်မရဘူး။ အခုသက်တမ်းရှိနေသေးတယ်။ ဥပမာ၂နှစ်ခဲ့ သဘောထားကြပါစို့။ သူက၅နှစ်ပေးတဲ့အတွက် နောက်ထပ်၂နှစ်ခဲ့ထပ်ရမယ်။ သဘောပေါက်ပါပြီ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက် ဆွေးနွေးရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆၆ ဥပဒေကြမ်းကော်မတီက ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၆၆ အခန်း (၂၁) အပိုဒ် ၄၉ ဥပဒေကြမ်းရဲ့အဆိုတင်ပြချက်မှာ အပိုဒ် ၃၉ ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (မြန်မာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/ ၉၄) အရ ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျှက်ရှိသော ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ သက်ဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ သက်တမ်းကာလ

ကုန်ဆုံးသည်အထိ ဆက်လက်လုပ်ကိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိစေရမည်ဟူသော ပြင်ဆင်အဆိုပြုချက်ကို လက်ခံပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောထား သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ဒါကို ကျွန်တော်တို့ သဘောတူပါတယ်။ ဘာကြောင့်လဲဆိုရင် အခု ဥပဒေမှာကျွန်တော်တို့ တားမြစ်တဲ့လုပ်ငန်းတွေ ကန့်သတ်တဲ့လုပ်ငန်းတွေ ရှိပါတယ်။ တားမြစ်လုပ်ငန်းကတော့ အရင်တုန်းကတားမြစ်တဲ့လုပ်ငန်း အခုလည်းဆက်ပြီး တားမြစ်ပါတယ်။ နောက်ပြီးတော့ကန့်သတ်တဲ့ လုပ်ငန်းတွေမှာအရင်တုန်းက ကန့်သတ်ခြင်းမပြုသော်လည်း အခုကန့်သတ်ထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ အရင်ကခွင့်ပြုမှု ရထားတဲ့ လူတွေဟာ သက်တမ်း ကုန်ဆုံးတဲ့အထိ ဆက်ပြီးအကျိုးခံစားခွင့် ရှိပါတယ်။ဒါလေးကို ကျွန်တော်တို့အရင်ကတည်းက ခွင့်ပြုပြီးဖြစ်တဲ့အတွက် ဆက်ပြီးတော့ခံစားခွင့်ပြုတာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက် ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆၇ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ်၆၇ အခန်း(၂၁) ဥပဒေကြမ်း ကော်မတီရဲ့အသစ်ဖြည့်စွက်ခြင်းမှာ အပိုဒ်၄၀ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိ စေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကိုဤဥပဒေနှင့် အညီသာ ဆောင်ရွက်ရမယ်လို့ ပြင်ဆင်အတည်ပြုချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ကျွန်တော်တို့ တည်ဆဲဥပဒေမှာ ဖျက်သိမ်းသင့်တဲ့ ဥပဒေတွေအများကြီးရှိပါတယ်။ အဲ့ဒါတွေကို မဖျက်သိမ်းခင် ကာလမှာ ဒီဟာကိုပြဋ္ဌာန်းတဲ့အခါမှာ အဲ့ဒီဥပဒေတွေ ဒါတွေနဲ့ဆက်နွယ်ပြီးတော့ ငြိမှာစိုးလို့ ညှိပြီး တော့ကန့်သတ်ချက်တွေဖြစ်မှာစိုးလို့ ဒီဥပဒကတော့ နောက်ဆုံးအနေနဲ့ အနေအထားကို အားလုံးနဲ့ ညှိနိုင်းမယ် ဌာနအသီးသီးကိုလည်း သဘောထားတွေ တောင်းမယ်။ နောက်ဆုံးဥပဒေတွေနဲ့အညီ

ရေးဆွဲထားတဲ့ ကိစ္စဖြစ်တဲ့အတွက် ဒါကို ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။ ဒါကိုကျွန်တော်တို့ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက်

**ဦးဝင်းထိန် (မိတ္ထီလာ မဲဆန္ဒနယ်)**။ ။ ရှိပါတယ်ခင်ဗျား။ ဘာဖြစ်လို့ ရှိရသလဲဆိုရင် ခုနက ဝန်ကြီးပြောသွားတုန်းက ရှင်းတော့ ရှင်းတယ်။ ဒါပေမဲ့ ဒီတည်ဆဲ ဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူဆိုတာက အရင်ဥပဒေကို လုံးဝ အလေးမထားတဲ့ သဘော၊ ပယ်ဖျက်တဲ့ သဘောဖြစ်နေပါတယ်။ ဒီအပိုဒ်က မထည့်သင့်ဘူးလို့ ထင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ဦးဝင်းထိန်ဆွေးနွေးတဲ့အပေါ်မှာ ပြန်လည်သုံးသပ်ဆွေးနွေးဖို့ လိုပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ဒီမှာကတော့ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူဆိုတဲ့ အနေအထားမှာ ကျွန်တော်တို့ သာဓကအားဖြင့်ပြောရရင် အခွန်ကိစ္စရပ်တစ်ခု ဆိုပါစို့ အခွန်နဲ့ ပတ်သက်တဲ့ ကိစ္စရပ်များမှာ ကျွန်တော်တို့ သတ်မှတ်ချက်များစွာ ရှိသော်လည်း ဤဥပဒေတစ်ခုခု အကျုံးဝင်တဲ့ လူများ ခံစားခွင့်ရှိတဲ့ ဒီဥပဒေမှာ ပါတဲ့အချက်အတိုင်း ခံစားနိုင်ခွင့်ရှိအောင် ဆိုပြီးတော့ ဒီအချက်ကို ထည့်သွင်းခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်ထောင်စုဝန်ကြီး ဌာနနှစ်ခုက ဒေါက်တာလင်းအောင်အနေနဲ့လည်း အခုရဲ့ဆွေးနွေးချက်အပေါ် သုံးသပ်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ ဒီအပိုဒ် ၄၀ မှာ ဖော်ပြထားတဲ့အချက်မှာ ကျွန်တော့်အနေနဲ့ ဆွေးနွေးရမယ်ဆိုလို့ရှိရင် အခုအသစ်လုပ်တဲ့ဥပဒေဟာ ယခင်ဥပဒေပေါ်မှာ လွှမ်းမိုးအောင်လို့ ထည့်သွင်းဖော်ပြထားတဲ့အတွက်ကြောင့် ဒါထည့်သွင်းသင့်တဲ့ အချက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီလောက်ပါပဲ။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်ထောင်စုဝန်ကြီးဌာန ၂ ခုလုံးကတော့ ဒီဟာ ထည့်သွင်းသင့်တယ်ဆိုတဲ့ဟာကို လက်ခံတယ်၊ သဘောတူတယ်လို့ ပြောပါတယ်။ ဒါကို ဦးဝင်းထိန်ကတော့ ခုနက မည်သို့ပင်ရှိစေကာမူဆိုတဲ့စကားပေါ်မူတည်ပြီးတော့ ဆွေးနွေးတာ ဖြစ်ပါတယ်။ ဒီလိုမထည့်ထားဘူးဆိုလို့ရှိရင် အခြားရှုပ်ထွေးမှုတွေ ဖြစ်လာနိုင်တဲ့အတွက် ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူတယ်လို့ ယူဆပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုမှုကို

ထပ်မံကန့်ကွက်ရန် ရှိပါသလား။ ထပ်မံကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆၈ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၆၈ အခန်း(၂၁) ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ခြင်း၊ အပိုဒ် ၄၁ ရင်းနှီးမြှုပ်နှံသူသည်ကော်မရှင်၊ သက်ဆိုင်ရာအစိုးရဌာန အစိုးရအဖွဲ့အစည်းသို့ ပြုစုတင်ပြသော အဆိုပြုချက်နှင့်အတူ ပူးတွဲပါစာရင်းဇယားများ၊ စာချုပ်စာတမ်း အထောက်အထားများ၊ ငွေရေးကြေးရေး၊ အလုပ်သမားခန့်ထားမှုဆိုင်ရာ အထောက်အထားများ စသည်တို့ကို တမင်မမှန်မကန် ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ခိုင်လုံသော သက်သေခံ အထောက်အထားများပေါ်ပေါက်လျှင် ပြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်လို့ ပြင်ဆင်တင်ပြ ချက်ကို ပြင်ဆင်အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ သဘောထား သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၅ အမှတ်စဉ် ၆၉ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၆၉ အသစ်ဖြည့်စွက်ခြင်းပဲ ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်ချက်မှာ အပိုဒ် ၄၂ ဤဥပဒေက အပ်နှင်းသော လုပ်ပိုင်ခွင့်အရ ကော်မရှင်က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်ဟူ၍ ဖြစ်ပါသည်။ အဆိုပါဖြည့်စွက်ချက်အား အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၇၀ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၇၀ အသစ်ဖြည့်စွက်ခြင်းပဲ ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်ချက်မှာ အပိုဒ် ၄၃ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့်ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကို ဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်၏ အဖွဲ့ဝင်တစ်ဦးဦးကို ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း တစ်ဦးဦးကို ဖြစ်စေ တရားမကြောင်းဖြစ်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြစ်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရဟူ၍ ဖြစ်ပါတယ်။ အဆိုပါဖြည့်စွက်ချက်ကို အတည်ပြုပေးနိုင် ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထား သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၇၁ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၇၁ အခန်း (၂၀) အပိုဒ် ၄၇ အား ဥပဒေကြမ်း၏ ပြင်ဆင်အတည်ပြုချက်မှာ အပိုဒ် ၄၄ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် (က) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ကော်မရှင်နှင့်ညှိနှိုင်းပြီး လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေအတည်ဖြစ်သောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရမည်ဟု ပြင်ဆင်ချက်အား အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာလည်း အလားတူဖြစ်တယ်။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက် ဆွေးနွေးရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၇၂ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၇၂ အခန်း (၂၁) အပိုဒ် ၄၇ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာ (ခ) လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ချက်အား အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရ အဖွဲ့ရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူ ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၇၃ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၇၃ အခန်း (၂၁) အပိုဒ် ၄၉ အား ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာ အပိုဒ် ၄၅ ဤဥပဒေကို ပြဋ္ဌာန်းပြီးနောက် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်းမပြုနိုင်သေးမီ ကာလအတွင်း ဤဥပဒေနှင့်မဆန့်ကျင်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ( ၄/၉၄ ) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအား ဆက်လက်ကျင့်သုံးနိုင်သည်ဟု ပြင်ဆင် ဖြည့်စွက်ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါ ရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ လုပ်ငန်းတွေ မရပ်စဲစေရေး ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမှာလည်း အလားတူအပိုဒ် ထည့်ထားပါတယ်။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၆ မှာပဲ မှတ်ချက်ဖော်ပြထားတာရှိပါတယ်။ လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုများကို အတည်ပြုပြီးပါက ပုဒ်မ၊ ပုဒ်မခွဲအလိုက်စီခြင်း၊ အခန်း အလိုက်ပြောင်းလဲခြင်း၊ အခေါ်လွဲမှားခြင်းများကို ဥပဒေကြမ်းကော်မတီမှ စိစစ်အတည်ပြုပြင်ဆင် ပေးသွားမည်ဖြစ်ပါကြောင်း ကြိုတင်အစီရင်ခံထားချက်ကို ဖော်ပြထားခြင်းဖြစ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ဒီဥပဒေတစ်ရပ်လုံးကို ပြန်လည် သုံးသပ်တဲ့အခါမှာ ကျွန်တော့်အနေနဲ့ ထပ်မံတင်ပြလိုတဲ့အချက်တစ်ချက်ပေါ်ပေါက်လာပါတယ်။ အဲဒါ စာမျက်နှာ ၉ ပါ ခင်ဗျား။ အခန်း(၁၂) အပိုဒ် ၂၄ ပါ။ အခန်း(၁၂)က ခေါင်းစဉ်က ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ခေါင်းစဉ်ဖြစ်ပါတယ်။ အခုကျွန်တော် ဆွေးနွေးတင်ပြလိုတာက စာမျက်နှာ ၉ အမှတ်စဉ် ၄၈ အခန်း (၁၂) အပိုဒ် ၂၄ ပါ။ အဲဒီအပိုဒ် ၂၄ မှာက မူရင်း အခန်း(၁၂) ခေါင်းစဉ်က ကင်းလွတ်ခွင့်များ နှင့်သက်သာခွင့်များခေါင်းစဉ်အောက်မှာရှိပါတယ်။ အဲဒီ ၂၄ (က) ကနိုင်ငံတော်မှ အထူးလိုအပ်ချက်အရ ဆောင်ရွက်ပေးသောဆိုတဲ့ အပိုဒ်ကို ဖြုတ်ပြီးတော့ ကျွန်တော်တို့ ၂၀ (က)မှာ ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စီးပွားဖြစ် စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း ၅ နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို ကျွန်တော်တို့ ပြန်လည် သဘောတူညီပြီးဖြစ်ပါတယ်။ ဒီ ဥစ္စာက တိုင်းရင်းသားလုပ်ငန်းရှင်များအတွက်ကို အားလုံး တစ်ပြေးညီ ၅ နှစ် ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတာက ဒီ ၅ နှစ်အားလုံး တစ်ပြေးညီ ကင်းလွတ်ခဲ့တဲ့ ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စီးပွားဖြစ်စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း ၅ နှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်လို့ ပြန်ပြီးသဘောတူပြီး ဖြစ်ပါတယ်။ ဒီဥစ္စာက တိုင်းရင်းသားလုပ်ငန်းရှင်များအတွက်ကို အားလုံး တစ်ပြေးညီ ၅ နှစ် ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတာက ဒီ ၅ နှစ် အားလုံးတစ်ပြေးညီ ကင်းလွတ်ခွင့် ပြုခဲ့တဲ့အပြင် နိုင်ငံတော်မှ အထူးလိုအပ်သောကိစ္စများ ပေါ်ပေါက်ကောင်းပေါ်ပေါက် လာနိုင်ပါတယ် ခင်ဗျား။ ဥပမာ ဝင်ငွေခန် ၅ နှစ် ကင်းလွတ်ပြီးတော့၊ ဝင်ငွေခွန် ၅ နှစ် ကာလ ထက်ကျော်လွန်ပြီးတော့ ဥပမာ ကျွန်တော်တို့ စွမ်းအင်မှာ ဆိုလာပင်နယ်ရယ် ထုတ်လုပ်တဲ့လုပ်ငန်း၊ ဝင်းတာဘိုင်တွေ ထုတ်လုပ်တဲ့ လုပ်ငန်းမျိုးကြီးတွေ တိုင်းရင်းသားလုပ်ငန်းရှင်များက လုပ်ချင်တယ်ဆိုရင် နိုင်ငံတော် ကလည်း ဒါအထူးလိုအပ်ချက်အရ ခွင့်ပြုမယ်ဆိုရင် ကင်းလွတ်ခွင့် ထပ်မံပေးသင့်ကြောင်း ကျွန်တော့် အနေနဲ့ တင်ပြလိုပါတယ်ခင်ဗျား။ အပိုဒ်တစ်ပိုဒ် ထပ်မံထည့်သွင်းဖို့ လိုအပ်မယ်လို့ ယူဆလို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဒီအပေါ်မှာ ညှိပြီးတော့ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ အမှတ်စဉ် ၄၈ မှာ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ နိုင်ငံတော်က အထူးလိုအပ်ချက်အရ ဆောင်ရွက်သောဆိုပြီးတော့ လုပ်ငန်းများကို ကင်းလွတ်ခွင့်ပေးထားတာရှိပါတယ်။ အဲဒါကို ကျွန်တော်တို့ နိုင်ငံသားအားလုံးခံစား ခွင့်ရှိဖို့အတွက် အားလုံးကို အထူးလိုအပ်ချက်အရ ဆောင်ရွက်သောလုပ်ငန်းများမဟုတ်တောင်မှ ကျွန်တော်တို့ဆောင်ရွက်တဲ့ လုပ်ငန်းရှင်အားလုံးကို ပေးလိုက်တဲ့အတွက် အထူးလိုအပ်ချက်အရ ဆောင်ရွက်တဲ့ လုပ်ငန်းဟာ ကျန်ရှိနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကြိုတင်ဆွေးနွေးညှိနှိုင်းထား ချက်အရ ဖြစ်မယ်ဆိုရင်တော့ ကျွန်တော်တို့ စာသားညှိနှိုင်းဖြည့်စွက်ပြီးတော့ ဖြည့်ပေးပါက ပိုမိုပြည့်စုံ ကောင်းမွန်တဲ့ ဥပဒေတစ်ခုဖြစ်လာဖို့ အထောက်အကူဖြစ်မှာဖြစ်ပါတယ်။ သို့သော်လည်း ခုနက ကျွန်တော်တို့ဥက္ကဋ္ဌကြီး လွှတ်တော်ကို လမ်းညွှန်မှာကြားသလို တချို့သောကိစ္စများမှာ ကြိုတင်ပြီးတော့ ပြင်ဆင်ချက်အဆိုတင်ထားသော ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ဆောင်ရွက်ပေးကြ မှသာလျှင်လည်း ကျွန်တော်တို့ဥပဒေကြမ်းဟာ တစ်ခုပြီးတစ်ခု အချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွား နိုင်မှာဖြစ်ပါတယ်။ ယခုကိစ္စမှာတော့ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားပြီးတော့ ဆောင်ရွက်ပေးသင့် ပါကြောင်း ကျွန်တော်တို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ကျွန်တော်တို့ နိုင်ငံတကာမှာလည်း နိုင်ငံက အထူးလိုလားသော လုပ်ငန်းများကို Insentive ပေးပါတယ်။ အိမ်နီးနား ချင်းနိုင်ငံတွေမှာလည်း အလားတူပဲ တိုင်းရင်းသားဒေသတွေမှာသွားပြီးတော့ စီးပွားရေးလုပ်ငန်း ထူထောင်မယ်ဆိုလို့ရှိရင် နောက်အခြေအနေမပေးသော ဒေသတွေမှာ သွားပြီးတော့ စတင်ပြီးတော့ The Pionering Job တွေလုပ်တဲ့အခါကျရင် သူ့ကို Special Insentive တွေပေးပါတယ်။ အထူး အခွင့်အရေးတွေပေးပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့က အခန်း(၈) ရင်းနှီး မြှုပ်နှံသူများတာဝန်နှင့် အခွင့်အရေးမှာ ကျွန်တော်တို့က နည်းပညာအသစ်တွေတီထွင်တဲ့သူတွေ၊ ထုတ်ကုန်အရည်အသွေးတိုးမြှင့်အောင်ဆောင်ရွက်တဲ့သူတွေ၊ ကုန်ထုတ်စွမ်းအားမြှင့်တင်တဲ့သူတွေ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချတဲ့သူတွေကို အကျိုးခံစားခွင့်များပိုမို ရရှိရန် ကော်မရှင်သို့ တင်ပြ

လျှော့ထားခြင်းဆိုတာပါပါတယ်။ အခုထပ်ထည့်မယ်ဆိုရင်လည်း ဒါပိုကောင်းပါတယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လုပ်ငန်းပြတ်သွားအောင် တစ်ခါတည်းပဲ ဘယ်နေရာမှာထပ်ထည့်မလဲ။ ဘယ်လိုဝါကျသုံးနှုန်းပြီးဆောင်ရွက်မလဲ။ တစ်ခါတည်း ဖော်ပြပေးပါ။ ဦးသိန်းလွင်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ ကျွန်တော် အကြမ်းဖျင်းစာစီထားတာကတော့ ဒီအပိုဒ် ၂၄ အောက်မှာပဲ တစ်ပိုဒ် ထပ်တိုးဖို့ဖြစ်ပါတယ်ခင်ဗျား။ အဲဒီမှာက ကျွန်တော် အရင်စာသားကိုပဲ ပြန်သုံးထားပါတယ်။ နိုင်ငံတော်မှ အထူးလိုအပ်ချက်အရ ဆောင်ရွက်သော ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် အပါအဝင် အထူး ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို ကော်မရှင်မှ လုပ်ငန်းတစ်ခုခြင်းအလိုက်စိစစ်ခွင့်ပြုနိုင်သည်လို့ ကျွန်တော့်အနေနဲ့ လျှာထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြည်းဖြည်းပြန်ဖတ်ပါ။ ဥပဒေကြမ်းကော်မတီသေချာမှတ်ပါ။ ပြီးတော့ ဦးသိန်းလွင်ဖတ်တာကို ဥပဒေကြမ်းကော်မတီက လက်ခံရရှိတာကို ထပ်ဖတ်ပြပါ။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ ကျွန်တော်ပြန်ဖတ်ပါမယ်ခင်ဗျား။ နိုင်ငံတော်မှ အထူး လိုအပ်ချက်အရ ဆောင်ရွက်သော ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုအတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်အပါအဝင် အထူးကင်းလွတ်ခွင့်၊ သက်သာခွင့်များကို ကော်မရှင်မှ လုပ်ငန်း တစ်ခုခြင်း အလိုက်စိစစ်ခွင့်ပြုနိုင်သည်လို့ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရလား။ ကြားတဲ့သူထပ်ဖတ်ပြပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ နိုင်ငံတော်မှ အထူး လိုအပ်ချက်အရ ဆောင်ရွက်သော ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုအတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်အပါအဝင် အထူးသက်သာခွင့်များကို ကော်မရှင်မှ စိစစ်ခွင့်ပြုနိုင်သည်ဖြစ် ပါတယ်ခင်ဗျား။ အဲဒီအပေါ်မှာ ကျွန်တော်တို့ ထပ်မံပြီးတော့ ကျစ်လျစ်အောင်တင်ပြရရင်တော့ နိုင်ငံတော်မှ အထူးလိုအပ်ချက်အရ ဆောင်ရွက်သော ကုန်ထုတ်လုပ်ငန်းများအတွက်ဆိုလို့ရှိရင် အားလုံးခြုံမိပါတယ်။ အလားတူပဲ ဝင်ငွေခွန်ကင်းလွတ်ခွင့်များကို ကော်မရှင်မှ သတ်မှတ်နိုင်သည် ဆိုလို့ရှိရင် ကျစ်လျစ်ပြည့်စုံမယ်လို့ ထပ်မံအကြံပြုလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းလွင် ဘယ်လိုသဘောရလဲ။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ရှေ့ကစာသားတွေနဲ့ကိုက်ညီအောင်ဆိုရင် ဝင်ငွေခွန်ကင်းလွတ်ခွင့်မဟုတ်ဘဲနဲ့ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ အဲဒီဝေါဟာရဖြစ်ရပါမယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ပြောပြပေးပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ အခန်း (၁၂) မှာကျွန်တော်တို့က ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များဆိုပြီးတော့ ခေါင်းစဉ်တပ်ထားတယ်။ အဲဒီအသုံးအနှုန်းကိုပဲ ပြန်သုံးစေချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ Insentive ပေးတာက ခုနက ကင်းလွတ်ခွင့်တွေပါပါတယ်။ သက်သာခွင့် ဒါကြောင့်မို့လို့ အဲဒါတွေထည့်တာပါ။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ အတည်ပြုတဲ့ စာသားကို ကျွန်တော့်အနေနဲ့ တင်ပြပါမယ်ခင်ဗျား။ နိုင်ငံတော်မှ အထူးလိုအပ်ချက်အရ ဆောင်ရွက်သောလုပ်ငန်းများအတွက် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ကော်မရှင်မှ ထပ်မံသတ်မှတ်နိုင်သည်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ သီးခြားထပ်မံဆွေးနွေးရန် မရှိပါလျှင် ဥပဒေကြမ်းကော်မတီနှင့် ချောက်မဲဆန္ဒနယ်က ဦးသိန်းလွင်တို့ရဲ့ပြင်ဆင်အဆိုပြုချက် ပြည်ထောင်စုအစိုးရရဲ့သဘောတူညီချက်ဖြင့် တင်ပြပါပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၁ အမှတ်စဉ် ၅၄ နဲ့ပတ်သက်လို့ ချန်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြန်လည် ဆွေးနွေးပေးပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ စာသားလေးအနည်းငယ်ပြင်ချင်ပါတယ်။ ပြင်ဆင်ထားတဲ့စာသားကတော့ ဝန်ထမ်းများအား ပြည်ပသင်တန်းဆွေးနွေးပွဲ၊ အစည်းအဝေးများ အဲဒီအထိက အဲဒီအတိုင်းပါပဲ။ အစည်းအဝေးများသို့ စေလွှတ်သည့်စရိတ်များကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ခွင့်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရပါသလား။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ထပ်ပြီးဖတ်ပြပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ဝန်ထမ်းများအား ဆွေးနွေးပွဲ၊ အစည်းအဝေးများသို့ စေလွှတ်သည့် စရိတ်များကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ခွင့်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ရပါတယ်ခင်ဗျား။ ထပ်မံအတည်ပြုပြီးတော့ ဖတ်ကြားပါမယ်ခင်ဗျား။ ဝန်ထမ်းများအား ပြည်ပသင်တန်း ဆွေးနွေးပွဲ၊ အစည်းအဝေးများသို့ စေလွှတ်သည့် စရိတ်များကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ခွင့်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မှန်ပါသလား။ ဒါနဲ့ပတ်သက်ပြီးတော့ ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ မရှိလျှင် ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ညှိနှိုင်းပြင်ဆင်မှု အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် စာမျက်နှာ ၁၆ ပါမှတ်ချက်များအတိုင်း သက်ဆိုင်ရာ ဥပဒေကြမ်းကော်မတီက စိစစ်အတည်ပြုဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားလှယ်များက ပြင်ဆင်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကို တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့လိုလားချက်ကို အဓိကထားဆောင်ရွက်ပေးတဲ့ သက်ဆိုင်ရာကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ အထူးသဖြင့်တော့ ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားလှယ်များ အထူးကျေးဇူးတင် မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဒီဥပဒေကို တိုတောင်းတဲ့အချိန်ကာလအတွင်း စေတနာထားပြီး ဆောင်ရွက်ပေးတဲ့အတွက် ဒီနေ့ဆိုရင်ပြီးမြောက်သွားပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ဦးစိုးဝင်း ဒီကိစ္စနှင့်ပတ်သက်လို့လည်း ဆွေးနွေးချက်အပေါ် မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့လည်း ပြန်လည်ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသားများလိုလားတဲ့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းဟာတော့ ပြည်သူ့လွှတ်တော်က ဆွေးနွေးပြီးလို့ ဒီနေ့ပဲ အမျိုးသားလွှတ်တော်ကို ပေးပို့မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ ဒီဥပဒေကြမ်းကို ဆက်လက် ဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်ကို တင်ပြနိုင်မယ်ဆိုရင် ကျွန်တော်တို့ ရှေ့ကသွားနှင့်တဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အတူ တစ်ဆက်တည်းထွက်ပေါ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ယခုလိုပဲ နိုင်ငံနှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အကျိုးဖြစ်ထွန်းစေသော ဥပဒေများပေါ်ပေါက်ရေးကိုလဲ စေတနာထား၊ ဝီရိယထားပြီးတော့ ကြိုးစားဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ ဆောင်ရွက်ပေးကြတဲ့၊ ပါဝင်ခဲ့တဲ့ပုဂ္ဂိုလ်အသီးသီးများလည်း ကျေးဇူးတင်ပါတယ်။ အချိန်ပိုရုံးပိတ်ရက်များမကျန် ဆောင်ရွက်ပေးခဲ့တဲ့အတွက် အထူးကျေးဇူးတင်ကြောင်းထပ်လောင်းပြောချင်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၇) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၆) ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၇) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ အစည်းအဝေးဆောင်ရွက်တဲ့နေရာမှာ ဖြစ်နိုင်သမျှ မနက်ဖြန်မှာ မနက်ပိုင်း၊ မနက်ပိုင်းမှမပြီးဘူးဆိုရင်လည်း နေ့လယ်မွန်းလွဲ ၁ နာရီ၊ ၁ နာရီခွဲအထိ ဆောင်ရွက်ပြီး ညနေပိုင်းကိုတော့ ကျွန်တော်တို့ လွှတ်တော်က အရင်ကတိပြုထားတဲ့အတိုင်း လွှတ်တော်ရပ်နားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့

မနက်ဖြန်ဆွေးနွေးကြမယ့် ပုဂ္ဂိုလ်များ အချိန်ကိုကောင်းစွာအသုံးပြုဖို့ ကျွန်တော့်အနေနဲ့ ကြိုတင်မေတ္တာရပ်ခံပါတယ်။

**အချိန်၊ ၁၆ း၀၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ကို ၁၆း၀၅ နာရီတွင် ရပ်နားပါသည်။ ]